# ဇူလိုင်လ ၂၀၁၈ ခုနှစ်၊ လစဉ်အစီရင်ခံစာ

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၈ ခုနှစ်၊ ဇူလိုင်လကုန်တွင် မြန်မာနိုင်ငံတွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး၊ ထိန်းသိမ်း ခံထားရသူနှင့် ထောင်ပြင်ပမှ တရားရင်ဆိုင်နေရသူ စုစုပေါင်း ၂၇၅ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေး အကျဉ်းသား စုစုပေါင်း ၃၃ ဦး အကျဉ်းကျခံနေရပြီး တက်ကြွလှုပ်ရှားသူ ၅၃ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရကာ ၁၈၉ ဦးသည် ထောင်ပြင်ပ မှနေ၍ တရားရင်ဆိုင်နေရသည်။



ဓာတ်ပုံ ဧရာဝတီ
ဇူလိုင်လ ၂၀၁၈ ခုနှစ်


**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org


အင်တာနက်စာမျက်နှာ　တွစ်တာစာမျက်နှာ　လူမှုကွန်ရက်စာမျက်နှာ

# မာတိကာ

**နိုင်ငံရေးအကျဉ်းသားများ ..... 3**

ဖမ်းဆီးခံရခြင်းများ ..... 3

တရားစွဲဆိုခံရခြင်းများ ..... 3

တရားရင်ဆိုင်ရခြင်းများ ..... 5

ထောင်ဒဏ်ချမှတ်ခံရခြင်းများ ..... 5

ထောင်တွင်းအခြေအနေများ ..... 7

**နိုင်ငံရေးနှင့်နိုင်ငံသားတို့၏လွတ်လပ်ခွင့်အပေါ်တားမြစ်ခြင်းများနှင့်ဆန္ဒထုတ်ဖော်မှုများ** ..... 10

လယ်ယာမြေအငြင်းပွားမှုများ ..... 1

**အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ..... 17**

**အရေးပါသည့်ဆက်စပ်သတင်းများဖတ်ရန် Links ..... 18**

# နိုင်ငံရေးအကျဉ်းသားများ

## ▪ ဖမ်းဆီးခံရခြင်းများ

**ဖားကန့်နှင့်နမ္မတီးတွင်လမ်းပြအဖြစ်ဖမ်းဆီးခံရသူခုနစ်ဦးထိရှိ**

တိုက်ပွဲများဖြစ်ပွားလျက်ရှိသော ကချင်ပြည်နယ်ရှိ ဖားကန့်နှင့် နမ္မတီးတွင် အစိုးရတပ်မှ လမ်းပြပေါ်တာအဖြစ် ဖမ်းဆီးသွားသူ ခုနစ်ဦးထိ ရှိသွားပြီဖြစ်ကြောင်း ဖမ်းဆီးခံရသူများ၏ အရေးကို လိုက်ပါကူညီဆောင်ရွက်ပေးသော ဦးဆန်းအောင်မျိုးမှ ပြောကြားခဲ့သည်။ ဇူလိုင်လ ၁၅ရက်နေ့တွင် ဖားကန့်အနီးရှိ ဆိုင်းတောင်နှင့်လဘန်ကထောင်အရပ်မှ ဒေသခံသုံးဦးကို တပ်မ ၃၃ လက်အောက်ခံ တပ်ရင်းမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ဇူလိုင်လ ၁၈ရက်နေ့တွင်လည်း နောက်ထပ်နှစ်ဦးကို ထပ်မံဖမ်းဆီးခဲ့သည်။ ထို့ပြင် ဇူလိုင်လ ၂၆ ရက်နေ့တွင် နမ္မတီးမှ ရွာသားနှစ်ဦး ထပ်မံဖမ်းဆီးခြင်းကိုခံခဲ့ရသည်။

## ▪ တရားစွဲဆိုခံရခြင်းများ

**သိမ်းဆည်းခံလယ်မြေများပြန်လည်ပေးအပ်ရန်နှင့်လယ်ယာမြေဥပဒေပြင်ဆင်ပေးရန်ဆန္ဒထုတ်ဖော်သူများတရားစွဲဆိုခြင်းခံရ**

ဇူလိုင်လ၁ရက်နေ့တွင် ဆိပ်ကမ်းမြို့နယ် ရဲစခန်းမှူးမှ သိမ်းဆည်းခံလယ်မြေများ ပြန်လည်ပေးအပ်ရန်နှင့် လယ်ယာမြေဥပဒေကို ပြင်ဆင်ပေးရန် ဦးဆောင်ဆန္ဒထုတ်ဖော်ခဲ့သော မြန်မာနိုင်ငံတောင်သူလယ်သမားသမဂ္ဂဥက္ကဋ္ဌ ဒေါ်စုစုနွေး၊ ဦးဇော်ရမ်းနှင့် ဦးကိုကိုနိုင်တို့ကို ခွင့်ပြုချက်မတင်ဟုဆိုကာ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်စီတန်းလှည့်လည်ခွင့် (ငြိမ်း၊စု၊စီ) ဥပဒေပုဒ်မ၁၉ ဖြင့်တရားစွဲဆိုခဲ့သည်။

ဒေါ်စုစုနွေးမှဆန္ဒပြရာတွင် ၎င်းသာ ဦးဆောင်ပါဝင်ခဲ့ပြီး ၎င်းနှင့်အတူ အမှုဖွင့်ခံထားရသူနှစ်ဦးသည် ဆန္ဒပြရာတွင် ပါဝင်ခြင်းမရှိဘဲ ဧည့်သည်အဖြစ်သာ လာရောက်ဟောပြောပေးခဲ့ခြင်းဖြစ်သည်ဟု ပြောဆိုခဲ့သည်။ ယခုလိုမှားယွင်းအမှုဖွင့်ခံရခြင်းသည် ဂုဏ်သိက္ခာကျဆင်းစေသောကြောင့် ဆိပ်ကမ်းမြို့နယ်ရဲစခန်းမှူးကို ကော့မှူးရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၅၀၀ ဖြင့်အမှု ပြန်လည်ဖွင့် ဆိုခဲ့သည်ဟုလည်း ထပ်မံပြောကြားခဲ့သည်။

**နေပြည်တော်ထိချီတက်ဆန္ဒပြရန်ကြိုးပမ်းသည့် တောင်သူများအမှုဖွင့်ခံရ**

မန္တလေးတိုင်းဒေသကြီး၊ ဒဟတ္တောကျေးရွာအုပ်စု၊ အောင်သပြေကျေးရွာအနီးတွင် မြင့်ရင်းနီးမြှုပ်နှံမှုကုမ္ပဏီမှ ကျောက်မီးသွေးသုံး ဘိလပ်မြေစက်ရုံတည်ဆောက်နေမှုအား အပြီးတိုင်ဖျက်သိမ်းပေးရန် ကန့်ကွက်တောင်းဆိုသူများအနက်မှ ဦးရွှေအုန်း၊ ဦးဝင်းဇော်လတ်၊ ဒေါ်ငြိမ်းဌေး၊ ဒေါ်ဝင်းမာသန်း၊ ဒေါ်ရင်ရင်အောင်တို့အား ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်း ဥပဒေ ပုဒ်မ ၁၉ ဖြင့်လည်းကောင်း၊ ကျောက်မီးသွေးသုံး ဘိလပ်မြေ စက်ရုံတည်ဆောက်ရေးစီမံကိန်းသုံး စက်ယန္တရားများ ရွာလမ်းကို အသုံးပြု၍ မရအောင် တားဆီးခဲ့ခြင်းအတွက် ဦးသန်းပိုင်၊ ဒေါ်အေး၊ ဒေါ်မြမြ၊ ဦးမင်းနိုင်၊ ဦးမောင်ကို၊ ဦးသာဌေးနှင့် ဒေါ်ငြိမ်းဌေးတို့ကို လမ်းတံတား ဥပဒေ ပုဒ်မ ၂၂ ဖြင့်လည်းကောင်း၊ အမှုဖွင့်ခြင်း ခံထားရသည်။ဇူလိုင်လ ၂၄ ရက်နေ့ တွင် ဒေါ်မြမြသည် ဖမ်းဆီးခြင်း ခံထားရသည်။ ထို့ပြင် ဇူလိုင်လ ၃၁ ရက်နေ့တွင် ဒေါ်အေးနှင့် ဦးသန်းပိုင်တို့သည် ပုသိမ်ကြီးမြို့နယ် ရဲစခန်းတွင် လာရောက် ဖမ်းဆီးခြင်းခံခဲ့သည်။ သို့သော်လည်း ၎င်းတို့သည် အာမခံရရှိခြင်းမရှိသည့်အတွက် အိုးဘိုထောင်သို့ ပို့ဆောင်ခြင်းခံခဲ့ရသည်။ ဇူလိုင်လ ၂၆ ရက်နေ့ တွင် မြို့နယ်အထွေထွေ အုပ်ချုပ်ဦးစီးဌာနမှ အောင်သပြေကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးဦးသည် ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေတတိယအကြိမ်ပြင်ဆင်သည့် ဥပဒေအခန်း (၅) ပုဒ်မ (၁၁) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိသည့်အတွက် တာဝန်မှရပ်စဲလိုက်ကြောင်းစာထုတ်အကြောင်းကြားခဲ့သည်။

ဘိလပ်မြေစက်ရုံ တည်ဆောက်နေမှုအား အပြီးတိုင်ဖျက်သိမ်းပေးရန်၊ဖမ်းဆီးခံထားရသော တောင်သူတစ်ဦးကို ပြန်လွှတ်ပေးရန်၊ မြို့နယ်အုပ်ချုပ်ရေးမှူးကို ဖြုတ်ချပေးရန် ချီတက်တောင်းဆိုသည့် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်သပြေကျေးရွာနှင့် သရက်ကိုင်းကျေးရွာမှ ဒေသခံ တောင်သူ ၁၀၀ကျော်အားမြို့နယ် အထွေထွေအုပ်ချုပ်ရေးအဖွဲ့ နှင့် မြို့နယ် ရဲတပ်ဖွဲ့တို့မှ တားဆီးခဲ့သည်။ ဇူလိုင်လ ၂၃ ရက်၊ နံနက်ပိုင်းတွင် အောင်သပြေကျေးရွာနှင့် သရက်ကိုင်းကျေးရွာမှ ဒေသခံများသည် မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့မှ နေပြည်တော်သို့ ချီတက် ဆန္ဒပြတောင်းဆိုရန် ထွက်ခွာလာခြင်းကို တားဆီးခဲ့ခြင်းဖြစ်သည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးမှ လူစုခွဲပေးရန်၊ ရှေ့ဆက်လက်မထွက်ခွာရန် တားဆီးခဲ့ပြီး ဆက်လက်ထွက်ခွာခဲ့ပါက ငြိမ်း၊စု၊စီ ဥပဒေနှင့် အရေးယူမည်ဟု ပြောကြားခဲ့သည်။ ချီတက်ဆန္ဒပြတောင်းဆိုရန်အတွက် သက်ဆိုင်ရာသို့အကြောင်းကြားစာ ပေးပို့ခဲ့သော်လည်း ပုဂ္ဂိုလ်ရေးဟုဆိုကာ သက်ဆိုင်ရာမှ ခွင့်ပြုမပေးခဲ့ကြောင်း တောင်သူများမှ ပြောကြားခဲ့သည်။ ကျောက်မီးသွေး

သုံးဘီလပ်မြေစက်ရုံ တည်ဆောက်နေမှုကို စတင်တည် ဆောက်စဉ် ၂၀၁၄ ခုနှစ် ကတည်းက ဒေသခံများအနေဖြင့် ကန့်ကွက်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြပြီး ယနေ့အချိန်ထိ ဆက်လက်ကန့်ကွက်လျှက်ရှိသည်။

မတ်လကတည်းက ဒေသခံရွာသားများသည် ကျောက်မီးသွေးသုံးဘီလပ်မြေစက်ရုံ တည်ဆောက်ရေးစီမံကိန်း သုံးစက်ယန္တရားများရွာလမ်းကို အသုံးပြု၍ မရအောင်တားဆီးရန် ရွာထိပ်တွင် တဲဆောက်၍ အလှည့်ကျစုဝေး နေထိုင်ခဲ့ကြသည်။ ဇူလိုင်လ ၁၇ ရက်နေ့တွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လဝကဦးစီးမှူးနှင့် သစ်တောစသည့် အစိုးရဌာနဆိုင်ရာတာဝန်ရှိသူများမှ ဒေသခံရွာသားများကို လာရောက်တားမြစ်ခဲ့ပြီး လူစုလူဝေးဖြင့်ဆက်လက်တားဆီးမှုများ ပြုလုပ်ပါကအရေးယူသွားမည်ဟု ပြောကြားခဲ့သည်။ ဒေသခံများအနေဖြင့် တားဆီးမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး အရေးယူမှုများရှိလာပါက ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်သည်ဟု ဒေသခံများမှ ပြောကြားခဲ့သည်။

**ကယားပြည်နယ်သမိုင်းကြောင်း ဖြန့်ဝေခြင်းနှင့် ဗိုလ်ချုပ်ကြေးရုပ်အားကန့်ကွက်ကြောင်း နှိုးဆော်စာ ဖြန့်ဝေခဲ့ခြင်းအတွက် ကယန်းတိုင်းရင်းသားလူငယ်များ တရားစွဲဆိုခြင်းခံရ**

ဇွန်လ၂၆ရက်နေ့တွင် ကယားပြည်နယ်သမိုင်းကြောင်း ဖြန့်ဝေခြင်းနှင့်ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် စိုက်ထူမည့်ဗိုလ်ချုပ်ကြေးရုပ်အားကန့်ကွက်ကြောင်း နှိုးဆော်စာ ဖြန့်ဝေခဲ့ခြင်း အတွက် ဇူလိုင်လ ၂ရက်နေ့တွင် ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးမှူးမှ ကယန်းတိုင်းရင်းသားလူငယ် ၁၀ ဦးကို နိုင်ငံတော်အကြည်ညိုပျက်စေမှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ)၊(ဂ)ဖြင့် တရားစွဲဆိုခဲ့သည်။ တရားစွဲဆိုခြင်းခံထားရသည့် လူငယ်များမှာ လွိုင်ကော်မြို့နယ်၊ ပီကင်းကောခူကျေးရွာမ ၂ ပါစကွားလွယ် (ခ) ခွန်းမျိုးလှိုင်ဝင်း၊ လွိုင်ကော်မြို့နယ်၊ နာနတ်တောရပ်ကွက်မှ ဘွဲ့ထူး၊ ရှမ်းပြည်နယ်၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာမှ မရှိစီးနာနှင့် မော်ရာ၊ ဖရန်စွကို၊ လွိုင်ကော်မြို့နယ်၊ ပန်းကန်ကျေးရွာအုပ်စုမှ မရှိစီကျော်၊လွယ်တမူကျေးရွာမ ၂ မကာမေးလာ (ခ) မကြီးနှင့် ဒီးဒီ (ခ) စစ်မုန်း၊ ထေးငှားလျားကျေးရွာမှ မမူကတ်သရင်းနှင့် ဒီမောဆိုးမြို့မှ ဖိလစ် (ခ) စိုးအောင်တို့ ဖြစ်ကြသည်။ ဇူလိုင်လ ၅ ရက်နေ့တွင် ၎င်းတို့ ၁၀ ဦးအနက်မှ ခုနစ်ဦးသည် ၎င်းတို့၏ ပထမအကြိမ်ရုံးချိန်းကို တက်ရောက်ခဲ့ပြီး လွိုင်ကော်မြို့နယ် တရားသူကြီး ဒေါ်နွယ်နွယ်ထွန်းမှ ၎င်းတို့ခုနစ်ဦးကို စုစုပေါင်းကျပ်သိန်းသုံးဆယ်ဖြင့် အာမခံပေးခဲ့သည်။ ထို့ပြင် ဇူလိုင်လ၂၅ ရက်နေ့တွင် ရုံးချိန်းတက်ရောက်ရန် ပြန်လည်ချိန်းဆိုခဲ့သည်။

ထို့ပြင် လွိုင်ကော်မြို့မရဲစခန်းမှ ၎င်းတို့ ၁၀ ဦးအပါအဝင် ၁၆ဦးကို လွိုင်ကော်မြို့တွင် စိုက်ထူရန် ပြင်ဆင်နေသည့် ဗိုလ်ချုပ်ကြေးရုပ်တုကို ကယားပြည်နယ်အတွင်းသို့ မဝင်စေရန် စောင့်ဆိုင်းတားဆီးခဲ့သည့်အတွက် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် ဥပဒေ ပုဒ်မ ၁၉/၂၀ ဖြင့် အမှုဖွင့်ခဲ့သည်။ ယင်းလူငယ်များသည် ဗိုလ်ချုပ်ကြေးရုပ် သယ်ဆောင်လာပြီဆိုသည့် သတင်းများကြောင့် ဇူလိုင်လ ၉ ရက်နေ့မှ စတင်၍ လူအင်အား ၃၀ ခန့်ဖြင့် ကယားနှင့် ရှမ်းပြည်နယ်အစပ် မိုးဗြဲအနီးတွင် ညလုံးပေါက်ပိတ်ဆို့ စောင့်ဆိုင်းနေကြခြင်းဖြစ်သည်။ ဇူလိုင်လ ၂၅ ရက်နေ့တွင် လွိုင်ကော်မြို့နယ် တရားရုံး၌ ထိုလူငယ် ၁၆ ဦးကို ရုံးတင်စစ်ဆေးခဲ့ပြီး လာမည့်ရုံးချိန်းကို ဩဂုတ်လ ၇ ရက်နေ့တွင် ပြန်လည်ချိန်းဆိုခဲ့သည်။

အလားတူဒီမောဆိုးမြို့နယ်တွင်လည်း စာရွက်ဖြန့်ဝေမှုကြောင့် ဒီမောဆိုးမြို့နယ် ရဲစခန်းမှ ကယန်းတိုင်းရင်းသားလူငယ် လေးဦးဖြစ်သည့် ခွန်းသောတ်(စ်)၊ ဒီးဒီ (ခ) စစ်မုန်း၊ဖိလစ် (ခ) စိုးအောင်နှင့် ပါစကွားလွယ် (ခ) ခွန်းမျိုးလှိုင်ဝင်းတို့ကို ပုဒ်မ ၅၀၅ (ခ)ဖြင့် တရားစွဲဆိုခဲ့သည်။ ဇူလိုင်လ ၁၁ ရက်နေ့ရုံးချိန်းတွင် ၎င်းတို့လေးဦးသည် အာမခံယူခြင်းမရှိသောကြောင့် လွိုင်ကော်အကျဉ်းထောင်သို့ ပို့ဆောင်ခြင်းခံခဲ့ရသည်။ နောက်ထပ်မြို့နယ်များတွင်လည်း တရားစွဲဆိုခံရနိုင်ဖွယ် ရှိနေခြင်းကြောင့် အာမခံမယူရန် ဆုံးဖြတ်ခြင်းဖြစ်သည်ဟု ကရင်နီပြည်လူငယ်ထု ပြန်ကြားရေး တာဝန်ခံခွန်းဘားနဒ်မှ ပြောကြားခဲ့သည်။ ၎င်းတို့လေးဦးအနက်မှ ဒီးဒီ (ခ) စစ်မုန်း၊ဖိလစ် (ခ) စိုးအောင်နှင့် ပါစကွားလွယ် (ခ) ခွန်းမျိုးလှိုင်ဝင်းတို့သည် လွိုင်ကော်မြို့နယ် တရားရုံးတွင်လည်း ပုဒ်မ၅၀၅ (ခ)၊ (ဂ)ဖြင့် တရားရင်ဆိုင်နေရသည်။

ထို့ပြင်ကယားပြည်နယ်သမိုင်းကြောင်း ဖြန့်ဝေခဲ့ခြင်းအတွက် ကယားပြည်နယ်အာဏာပိုင်များမှ ကယန်းတိုင်းရင်းသားလူငယ်နှစ်ဦး ဖြစ်ကြသော ကိုဆားအီနှင့် ခွန်းဂျွန်သန်းစိုးနိုင်တို့ကို ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ)ဖြင့် တရားစွဲဆိုခဲ့သည်။ ခွန်းဂျွန်သန်းစိုးနိုင်ကို ဒီးမော့ဆိုမြို့နယ်တွင် တရားစွဲဆိုထားပြီး ကိုဆားအီကိုဒီးမော့ဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်တို့တွင် တရားစွဲဆိုထားသည်။ ဒီးမော့ဆိုမြို့နယ် တရားရုံးမှ ထိုလူငယ်နှစ်ဦးကို ဇူလိုင်လ ၂၄ ရက်နေ့တွင် ရုံးချိန်းတက်ရောက်ရန် ချိန်းဆိုထားပြီး ဆားအီကို ဖရူဆိုမြို့နယ်တရားရုံးမှ ဇူလိုင်လ ၂၀ ရက်နေ့တွင် ရုံးချိန်းတက်ရောက်ရန် ချိန်းဆိုထားသည်။

လက်ရှိတွင်ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် ထားရှိမည့် ဗိုလ်ချုပ်ကြေးရုပ် တည်ဆောက်နေမှုကို ခေတ္တရပ်ဆိုင်းထားပြီး လာမည့် ဇူလိုင်လ ၃၀ ရက်နေ့တွင် လူထုသဘောထားခံယူပွဲ လုပ်ပြီးမှသာ ဆက်လက်တည်ဆောက်သွားမည်ဟု ပြည်နယ်အစိုးဘက်မှ ပြောဆိုထားသည်။

**လွှတ်တော်ကိုယ်စားလှယ်ခရီးစဉ်နှင့်ပတ်သက်၍ ဂေဖန်ရေးသားသူကိုပုဒ်မ၆၆ (ဃ)ဖြင့်အမှုဖွင့်**

လွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းဆောင်ရွက်သည့် ခရီးစဉ်တွင် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ကြိုဆိုခိုင်းသည့်လုပ်ရပ် မပြုလုပ်သင့်ကြောင်း Ka-ung Htet Linn အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားသူကို ကောင်းထက်ဇင်အား ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ)ဖြင့်

အမှုဖွင့်ထားကြောင်း ရောဂတီတိုင်းရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးကြီး ခင်မောင်လတ်မှ ပြောကြားခဲ့သည်။

မြောင်းမြမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မန်းထွန်းကြိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဇင်ဦး နှင့် အဆိုပါမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်ရုံးအဖွဲ့များသည် ငါးမြင်းချောင်းကျေးရွာအုပ်စု၊ ကွင်းကလေးကျေးရွာ၌ ပြည်သူလူထုနှင့် တွေ့ဆုံရန် သွားရောက်ခဲ့ပြီး ယင်းခရီးစဉ်တွင် ဆရာ၊ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများနှင့် လူမှုရေး အဖွဲ့အစည်းများက ကြိုဆိုခဲ့သည်။ ထိုခရီးစဉ်နှင့် ပတ်သက်သော မှတ်တမ်းတင်ဓာတ်ပုံများကို Sat Ka (စက္က စက္က) အကောင့်က မှတ်တမ်းအဖြစ် ဖော်ပြခဲ့သည်။ ထိုဖော်ပြထားသော မှတ်တမ်း ဓာတ်ပုံများတွင် ကျောင်းသူ၊ ကျောင်းသားများက လက်ပိုက်ကြိုဆိုနေသော ပုံအချို့ကို Kaung Htet Linn အကောင့်မှ ကူးယူ၍ လူမှုကွန်ရက်၌ ဇူလိုင်လ ၁၀ ရက်နေ့၌ ဝေဖန်ရေးသားခဲ့ကြောင်း ရဲတပ်ဖွဲ့မှတ်တမ်းတွင် ဖော်ပြထားသည်။

ထိုရေးသားချက်များဖျက်ပေးရန် ပြောကြားသော်လည်း ဖျက်ပေးရန် ငြင်းဆန်သဖြင့် ယခုကဲ့သို့ တရားစွဲဆိုရခြင်းဖြစ်ကြောင်း မြောင်းမြမြို့ ဒီချုပ်ပါတီဝင်တစ်ဦးမှ ပြောကြားခဲ့သည်။ Kaung Htet Linn အကောင့်ကို အမှုဖွင့်သူသည် ဒေသခံဦးပြုံး (ခ) ဦးပြုံးဆိုသူဖြစ်သည်။

**တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့်ရွှေကျင်မြို့နယ်ပညာရေးမှူးတို့ပုဒ်မ ၆၆ (ဃ)ဖြင့် အပြန်အလှန်အမှုဖွင့်**

လူမှုကွန်ရက်စာမျက်နှာတွင် တင်ထားသည့်စာသားများအတွက် ဇူလိုင်လ ၂၁ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်းနှင့် ရွှေကျင်မြို့နယ်ပညာရေးမှူး ဦးစိုးသိန်းတို့သည် ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆ (ဃ)ဖြင့် အပြန်အလှန်အမှုဖွင့်ထားကြောင်း ရွှေကျင်မြို့မရဲစခန်းမှူးမှ အတည်ပြုပြောကြားခဲ့သည်။

ဇူလိုင်လ ၁၂ ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်းသည် ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ပညာရေးဝန်ထမ်းများ လစာဖြတ်တောက်ခံရခြင်းသည် လာဘ်စားခြင်း တစ်မျိုးဖြစ်သည်ဟု ရေးသားခဲ့သည်။ ရွှေကျင်မြို့နယ်ပညာရေးမှူး ဦးစိုးသိန်းမှ ထိုစာသားကို Screen Shot ရိုက်၍ မခိုင်မာဘဲ စွပ်စွဲပြောဆိုခြင်းသည် အသရေဖျက်မှုပုဒ်မ ၅၀၀ ဖြင့် တရားစွဲဆိုနိုင်ကြောင်း ၎င်း၏လူမှုကွန်ရက်စာမျက်နှာ၌ ပြန်လည်ရေးသားခဲ့သည်။ သဘောရိုးနှင့် ရေးသားထားသည့် စာသားများကို Screen Shot ရိုက်ပြီး လူမှုကွန်ရက်စာမျက်နှာ၌ တင်၍ ခြိမ်းခြောက်ပြောဆိုသည့်အတွက် အမှုဖွင့်ရခြင်းဖြစ်သည်ဟု လွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်းမှ ပြောကြားခဲ့သည်။

## ▪ တရားရင်ဆိုင်ရခြင်းများ

**ကချင်ငြိမ်းချမ်းရေးလှုပ်ရှားသူများ၏ အမှုအားပယ်ဖျက်ပေးရန် လျှောက်ထားချက် ပြည်နယ်တရားလွှတ်တော်ပယ်ချ**

ဇူလိုင်လ ၉ ရက်နေ့တွင် ကချင်ပြည်နယ်တရားလွှတ်တော်မှ နိုင်ငံတော်အကြည်ညိုပျက်စေမှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၀ ဖြင့် တရားစွဲဆိုခြင်းခံထားရသော ကချင်တက်ကြွလှုပ်ရှားသူ သုံးဦး၏ အမှုကို ချေဖျက်ပေးရန် လျှောက်ထားချက်ကို ပယ်ချခဲ့သည်။ ၎င်းတို့ကို တရားစွဲဆိုထားမှုသည် ခိုင်လုံခြင်းမရှိသည့်အတွက် ပလပ်ပေးရန် ဇူလိုင်လ ၃ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ် တရားရုံး၌ ပြည်နယ်တရားလွှတ်တော်အထိ လျှောက်ထားခဲ့ကြခြင်းဖြစ်သည်။

ကချင်စစ်ရေးပဋိပက္ခအတွင်း ပိတ်မိပြည်သူများ ကယ်ထုတ်ရေးနှင့် တိုက်ပွဲများအမြန်ဆုံးရပ်တန့်ရေးအတွက် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မနောကွင်းမှ တမြို့လုံးလှည့်လည်၍ ငြိမ်းချမ်းစွာ လမ်းလျှောက်ဆန္ဒပြခဲ့ကြရာတွင် ဦးဆောင်သူသုံးဦးဖြစ်သည့် ကိုလွန်းဖောင်၊ ဦးဇော်ဂျတ်နှင့် ဒေါ်နန်ပူတို့ကို တပ်မတော်၏ ဂုဏ်သိက္ခာညိုးနွမ်းအောင်ပြုလုပ်သည်ဟု စွပ်စွဲကာမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးမင်းဦးမှ အသရေဖျက်မှုဖြင့်တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

တရားစွဲဆိုခံရသူသုံးဦးကို ပြည်နယ်တရားလွှတ်တော်မှ ပယ်ချလိုက်သော်လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အထိ ဆက်လက်လျှောက်သွားရန် အခြေအနေရှိသည်ဟု ကိုလွန်းဖောင်းမှ ပြောကြားခဲ့သည်။

**စစ်တွေမြို့မှဦးအောင်သန်းဝေကိုတတိယအကြိမ်ရုံးထုတ်**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူးဟောင်း ဦးတင်မောင်ဆွေကို လူမှုကွန်ရက်စာမျက်နှာတွင် ဝေဖန်ပုတ်ခတ်ခြင်း၊ ဒေါက်တာအေးမောင်၏ အမှုရုံးချိန်းများတွင ်ပြောဆိုချက်များအတွက် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ရေး ဆိုင်ရာလုံခြုံမှုကို ကာကွယ်ရေးဥပဒေပုဒ်မ ၁၀၊ ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆ (ဃ) ဖြင့် တရားစွဲဆိုခြင်း ခံထားရသော စစ်တွေမြို့မှ ဦးအောင်သန်းဝေကို ဇူလိုင်လ ၁၈ ရက်နေ့တွင် စစ်တွေမြို့နယ် တရားရုံးတွင် တတိယအကြိမ် ရုံးထုတ်ခဲ့ပြီး တရားလိုပြ သက်သေတစ်ဦးဖြစ်သော ဒုရဲအုပ်ကျော်မင်းအား စစ်ဆေးခဲ့သည်။ ဦးအောင်သန်းဝေသည် ဇွန်လ ၂၁ ရက်နေ့တွင် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆ (ဃ) သည် အာမခံရသော်လည်း နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေး ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၁၀ သည် အာမခံမရသဖြင့် သူသည် အချုပ်အတွင်းမှ နေ၍တရားရင်ဆိုင်နေရခြင်းဖြစ်သည်။

**ပုဒ်မ၅၀၀ ဖြင့် ငွေဒဏ်ချမှတ်ခံထားရသော ကျောင်းသားများ၏ အမှုကိုတပ်မတော်မှအယူခံထပ်တက်၍ကြားနာစစ်ဆေး**

စစ်ပွဲအလိုမရှိ ပြဇာတ်ကပြခဲ့ခြင်းအတွက် အသရေဖျက်မှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၀ ဖြင့် ပုသိမ်မြို့နယ် တရားသူကြီး ဦးဝင်းအောင်မှ ကျောင်းသားရှစ်ဦးကို ငွေဒဏ်အသီးသီး ချမှတ်ခဲ့သည်ကို ကျေနပ်ခြင်းမရှိ၍ တပ်မတော်မှ အယူခံတက်ခြင်းကို ပုသိမ်ခရိုင်တရားရုံးမှ ဇူလိုင်လ ၁၆ ရက်နေ့တွင် ပထမအကြိမ် ကြားနာစစ်ဆေးခဲ့သည်။ ပြဇာတ်ပါ ပြကွက်များသည် တပ်မတော်မိသားစုများ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေခြင်းအတွက် အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုပိုလ်မှူးကြီးအောင်မျိုးနိုင်မှ ကျောင်းသားကိုးဦးကို တရားစွဲဆိုခဲ့ခြင်းဖြစ်ပြီး ကျောင်းသားကိုးဦးအနက် ကျောင်းသားတစ်ဦးဖြစ်သူကို မျိုးကိုကိုသည် ရုံးချိန်းတက်ရောက်ရန် ပျက်ကွက်ခဲ့သည့်အတွက် တရားခံပြေးအဖြစ် သတ်မှတ်ခြင်းခံထားရသည်။ ဧပြီလ ၄ ရက်နေ့တွင် ကျောင်းသားရှစ်ဦးအနက်မှ ကိုအောင်ခန့်ဇော်နှင့် ကိုမြတ်သူထက်တို့ကို ဒဏ်ငွေ ၅ သောင်းကျပ်စီ ချမှတ်ခဲ့ပြီး ကိုထက်ပိုင်ဖြိုးပါ ကျောင်းသား ခြောက်ဦးကို ဒဏ်ငွေ၃ သောင်းကျပ်စီချမှတ်ခဲ့သည်။

ဇူလိုင်လ ၂၅ ရက်နေ့တွင် အယူခံတက်ခြင်း ခံထားရသော ကျောင်းသားရှစ်ဦးကို လျှောက်လဲချက်တင်ရန် ထပ်မံချိန်းဆိုထားသည်။

**ရိုက်တာသတင်းထောက်နှစ်ဦးကို စွဲချက်တင်ကြောင်းအမိန့်ချမှတ်**

ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦး ဖြစ်ကြသော ကိုသက်ဦးမောင် ခေါ် ကိုဝလုံး၊ ကိုကျော်စိုးဦး ခေါ် ကိုမိုးအောင်တို့ကို ခုနစ်လနီးပါး ကြာကြားနာစစ်ဆေးခဲ့ပြီးနောက် ဇူလိုင်လ ၉ ရက်နေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးမှ ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်မှ ၎င်းတို့ကို မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃ (၁)(ဂ)ဖြင့်စွဲချက်တင်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ သတင်းထောက်နှစ်ဦးဘက်မှ လိုက်ပါဆောင်ရွက်ပေးနေသည့် ရှေ့နေတစ်ဦးဖြစ်သူ ဦးခင်မောင်ဇော်မှ ထိုပုဒ်မဖြင့် အပြစ်မပေးထိုက်ကြောင်း သတင်းထောက်နှစ်ဦးဘက်က ထုချေလွှာတင်ရန် တရားရုံးက တောင်းခံထားသည်ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေဖြင့် စွဲချက်မတင်ဘဲ တရားရှင်လွှတ်ရန် ပြီးခဲ့သည့်ရုံးချိန်းတွင် ရိုက်တာသတင်းထောက်များ၏ ရှေ့နေများမှ တင်ပြခဲ့သော်လည်း တရားရုံးမှ ပလပ်ခဲ့သည်။ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်တွင် ဖြစ်ပွားခဲ့သော နယ်မြေရှင်းလင်းမှုဖြစ်စဉ် အစီရင်ခံစာများ လက်ဝယ်တွေ့ရှိသည်ဆိုသည့် အကြောင်းပြချက်ဖြင့် ရိုက်တာသတင်းထောက်နှစ်ဦးကို၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးစစ်ဆေးချိန်တွင်း တရား လိုပြသက်သေ ၂၃ ဦးကို တရားရုံးမှ စစ်ဆေးခဲ့သည်။

ဇူလိုင်လ ၁၆ ရက်နေ့တွင် ကိုသက်ဦးမောင် ခေါ် ကိုဝလုံး၊ ကိုကျော်စိုးဦး ခေါ် ကိုမိုးအောင်တို့ကို ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးတွင် ရုံးထုတ်ခဲ့ပြီး ကိုသက်ဦးမောင် ခေါ် ကိုဝလုံးက စတင်စစ်ဆေးခဲ့သည်။ ကိုဝလုံးမှ ၎င်းတို့သည် သတင်းသမားများ ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဒုတပ်ကြပ်နိုင်လင်းပေးခဲ့သော စာရွက်စာတမ်းများသည် မည်သည့်စာရွက်စာရွက်စာတမ်းများဖြစ်သည်ကို သေချာမသိသေးခင် ဖမ်းဆီးခြင်းခံခဲ့ရသည်ဟု ထွက်ဆိုခဲ့သည်။ ထို့ပြင် တရားသူကြီးမှ သက်သေအဖြစ် တင်သွင်းထားသော ကိုသက်ဦးမောင် ခေါ် ကိုဝလုံး ရေးသားသည့် သတင်းသုံးပုဒ်ကို သက်သေခံဥပဒေအရ လက်ခံခဲ့ခြင်းမရှိပါ။

ဇူလိုင်လ ၁၇ ရက်နေ့ ရုံးချိန်းတွင် ကိုသက်ဦးမောင် ခေါ် ကိုဝလုံးသည် ၎င်းတို့ စနစ်တကျ အကွက်ဆင်ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း အသေးစိတ်ထွက်ဆိုခဲ့သည်။ ၎င်းတို့ကို ဖမ်းဆီးပြီး ညတွင်းချင်းတွင်ပင် ရှစ်မိုင်အနီးရှိ အောင်သပြေ စစ်ကြောရေးစခန်းသို့ အမည်းရောင်မျက်နှာဖုံးစွပ်ကာ ခေါ်ဆောင်သွားခဲ့ကြောင်း၊ စစ်ကြောရေးစခန်းသို့ ရောက်သည့်အခါ နှစ်နာရီခြားတစ်ခါစီ သုံးရက်ခန့် စစ်ဆေးကြောင်း ထွက်ဆိုခဲ့ပြီး ၎င်းတို့အား အိပ်ခွင့်မပေးဘဲ မေးခွန်းများ ထပ်ကာတလဲလဲ မေးမြန်းခဲ့သည်ဟုလည်း ထွက်ဆိုခဲ့သည်။ အောင်သပြေစစ်ကြောရေးစခန်းသို့ ရောက်နေချိန်တွင် ကိုသက်ဦးမောင် ခေါ် ကိုဝလုံးအား ရဲမှူးကြီးမြင့်ထွေးဆိုသူမှ ဖုန်းဆက်ကာ မောင်တောမြို့နယ် အင်းဒင်ကျေးရွာကိစ္စနှင့် ပတ်သက်သည့် သတင်းကို ထုတ်ပြန်ခြင်းမပြုပါက အရေးယူထားသည်များကို ညှိနှိုင်းကာဖြေလျှော့ပေးနိုင်ကြောင်း ပြောကြားခဲ့သည်ဟု ထွက်ဆိုခဲ့သည်။

ထို့အပြင် ရဲမှူးကြီး မြင့်ထွေးမှ ကိုသက်ဦးမောင် ခေါ် ကိုဝလုံး၊ ကိုကျော်စိုးဦး ခေါ် ကိုမိုးအောင်တို့၏ လက်ကိုင်ဖုန်းလျှို့ဝှက်နံပါတ်များ တောင်းခဲ့ကြောင်း၊ မပေးပါကအခြားသော ပုဒ်မများနှင့် ပါစွဲဆိုမည်ဖြစ်ပြီး အခြေအနေပိုဆိုးသွားနိုင်ကြောင်း ပြောဆိုခဲ့သည်ဟု ၎င်းကထွက်ဆိုသည်။

အင်းဒင်ကျေးရွာ ကိစ္စသတင်းကို ရိုက်တာသတင်းဌာနမှ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် လွှင့်တင်ခဲ့သည်။ ယင်းသတင်း လွှင့်တင်ပြီး နှစ်ရက်ခန့်အကြာ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ နှင့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တို့တွင် နေပြည်တော်မှ ရဲမှူးချုပ်တင်ကိုကိုနှင့် ဒုရဲမှူးကြီးမျိုးသူရတို့မှ အင်းစိန်ထောင်ရှိ ၎င်းတို့ထံရောက်လာပြီး သတင်းဖော်ပြချက်နှင့် ပတ်သက်၍ တာဝန်ခံကြောင်း လက်မှတ်ရေးထိုးခိုင်းခဲ့သည်ဟုဆိုသည်။

ရိုက်တာသတင်းထောက် ကိုသက်ဦးမောင် ခေါ်ကိုဝလုံး၏ ထွက်ဆိုချက်များသည် ဒုရဲမှူးဟောင်းမိုးရန်နိုင်၏ ထွက်ဆိုချက်များနှင့် တူနေသည်ကို တွေ့ရှိရသည်။ ရဲတပ်ဖွဲ့ဘက်က တင်သွင်းသည့် တရားလိုပြသက်သေ ဒုရဲမှူးဟောင်း မိုးရန်နိုင် မှ

သတင်းထောက်နှစ်ဦးသည် ထောင်ဖမ်းခံခဲ့ရခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သဖြင့် ရဲစည်းကမ်းဥပဒေဖောက်ဖျက်မှုဖြင့် ထောင်ဒဏ်တစ်နှစ်အပြစ် ပေးခြင်းခံခဲ့ရသည်။

အဆိုပါအမှုပတ်သက်၍ ဇူလိုင် ၂၃ ရက်နေ့တွင် မြောက်ပိုင်းခရိုင်တရားရုံး၌ ကိုသက်ဦးမောင် ခေါ် ကိုဝလုံး၊ ကိုကျော်စိုးဦး ခေါ် ကိုမိုးအောင်တို့ကို စစ်ဆေးခဲ့ပြီး ဇူလိုင်လ ၂၄ ရက်နေ့တွင်လည်း ကိုကျော်စိုးဦးအား ဆက်လက်စစ်ဆေးခဲ့သည်။ ဇူလိုင်လ ၃၀ ရက်နေ့တွင် ၎င်းတို့နှစ်ဦးကို ရုံးထုတ်ခဲ့ကာ ကိုကျော်စိုးဦး ခေါ် ကိုဝလုံးနှင့် ၎င်းတို့နှစ်ဦးကို ကားမောင်း၍ လိုက်ပို့ပေးခဲ့သူ ရိုက်တာသတင်းဌာန၏ ယာဉ်မောင်း တရားခံပြသက်သေတစ်ဦးဖြစ်သော ကိုမျိုးသန့်ထွန်းကို စစ်ဆေးခဲ့သည်။

**မြေနှင့်သီးနှံလျော်ကြေးရရှိရန် ကျိန်စာတိုက်သူလေးဦး တရားစွဲဆိုခံရသည့်အမှု ကြန့်ကြာနေ**

ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းကြောင့် ပျက်စီးမှုများအတွက် မြေနှင့်သီးနှံလျော်ကြေးရရှိရန် အမ်းမြို့နယ် သုသာန်မြေနေရာလေးခု၌ ကျိန်စာတိုက်သူ လေးဦးကို တရားစွဲထားသည့် အမှုတွင် တရားရုံးသို့ တရားလိုပြသက်သေ လာရောက်ခြင်းမရှိသဖြင့် အမှုကြန့်ကြာနေကြောင်း တရားစွဲဆိုခံထားရသူများမှ ပြောကြားခဲ့သည်။ အမ်းမြို့နယ်ရှိ တောင်သူအချို့သည် မြေနှင့်သီးနှံများအတွက် လျော်ကြေးရရှိရန် နည်းမျိုးစုံဖြင့် ဆန္ဒထုတ်ဖော်ခဲ့ပြီး ထူးခြားမှုမရှိ၍ အမ်းမြို့နယ်ရှိ ဆင်ခုံတိုင်၊ ခမောင်းချောင်း၊ သံပရာနှင့် မျောက်ကိုက်သုသာန်မြေများတွင် ဧပြီလ ၂၅ ရက်နေ့၌ ကျိန်စာတိုက်ခဲ့ကြသည်။

ထို့ကြောင့် အမ်းမြို့နယ်ရဲတပ်ဖွဲ့မှ ခွင့်ပြုချက်မယူဟုဆိုကာ ဦးဆောင်သူလေးဦးကို ဧပြီလ ၂၈ ရက်နေ့တွင် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဥပဒေ ပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခဲ့သည်။

ဇူလိုင်လ ၂၈ ရက်နေ့တွင် တရားစွဲဆိုခြင်းခံထားရသူများသည် ရုံးချိန်းပြန်လည် တက်ရောက်ရမည်ဖြစ်သည်။

**တနင်္သာရီဂျာနယ်အမှု ချေဖျက်ပေးရန် လျှောက်ထားချက်ကို ပယ်ချ**

မဲဆွယ်အပြုံးသရော်စာဆောင်းပါးကို ဖော်ပြခဲ့ခြင်းအတွက် တနင်္သာရီအပတ်စဉ်ဂျာနယ်အား တရားစွဲဆိုထားမှုကို ချေဖျက်ပေးရန် လျှောက်ထားချက်ကို တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်မှ ဇူလိုင်လ ၃၁ ရက်နေ့တွင် ပယ်ချခဲ့သည်။ ယင်းအမှုအား ချေဖျက် (ပယ်ဖျက်) ပေးရန် တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်သို့ မေလ ၂၁ ရက်နေ့၌ တင်သွင်းခဲ့ပြီး ဇွန်လ ၁၂ ရက်နေ့၌ နှစ်ဖက်လျှောက်လဲချက်များ ပေးခဲ့ပြီး နောက်ဇူလိုင်လ ၃၁ ရက်နေ့တွင် ယင်းသို့အမိန့်ချမှတ်လိုက်ခြင်းဖြစ်သည်။ ထိုသို့ပယ်ချလိုက်သည့်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် (နေပြည်တော်) သို့ အမှုတွဲ ချေဖျက်ပေးရေးအတွက် ဆက်လက်လျှောက်ထားရန် စွပ်စွဲခံရသူဘက်မှ စီစဉ်လျက်ရှိသည်။ တနင်္သာရီအပတ်စဉ်ဂျာနယ်၌ ဖော်ပြခဲ့သည့် ကလောင်ရှင်မှူးဆေးအိုး၏ "မဲဆွယ်အပြုံး" ခေါင်းစဉ်ဖြင့် ရေးသားသည့် သရော်စာဆောင်းပါးသည် တနင်္သာရီတိုင်းဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည်ဟု ဆိုကာအရေးယူပေးရန်၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် တိုင်းအစိုးရအဖွဲ့ရုံး၊ ဒုညွှန်ကြားရေးမှူးမှ ထားဝယ်မြို့နယ်တရားရုံးတွင် ဦးတိုက် လျှောက်ထားခဲ့ပြီး သတင်းမီဒီယာဥပဒေ ပုဒ်မ ၂၅ (ခ) ဖြင့် တရားစွဲဆိုရန် မြို့နယ်တရားရုံးမှ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။

## ▪ ထောင်ဒဏ်ချမှတ်ခံရခြင်းများ

**စစ်ပွဲများရပ်တန့်ရေးအတွက် ဆုတောင်းပွဲပြုလုပ်ရာတွင် ဦးဆောင်ခဲ့သူနှစ်ဦးကို ထောင်ဒဏ်သုံးလစီချမှတ်**

တိုက်ပွဲတွင်းပိတ်မိနေသော ပြည်သူများ အမြန်ဆုံးလွတ်မြောက်ရေး၊ တပ်မတော်၏ထိုးစစ်များ အမြန်ဆုံးရပ်တန့်ရေးအတွက် မေလ ၈ ရက်နေ့တွင် မန္တလေးမြို့၌ ဖရောင်းတိုင်ထွန်း၍ ဆုတောင်းပွဲပြုလုပ်ခဲ့ခြင်းအတွက် ဇူလိုင်လ ၅ ရက်နေ့တွင် အောင်မြေသာစံမြို့နယ် တရားရုံးမှ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ (ဗကသ) ဗဟိုကော်မတီဝင်ပေါင်းကိုသန်းထိုက်နှင့် ဗကသအဖွဲ့ဝင် ကိုနှင်းအောင်တို့ကို ထောင်ဒဏ်သုံးလစီ ချမှတ်ခဲ့သည်။ ၎င်းတို့သည်ချုပ်ရက်များကိုပါ ထုတ်နုတ်ခံစားခွင့်ရရှိမည်ဖြစ်သည်။ မေလ ၁၂ ရက်နေ့တွင် ၎င်းတို့သည် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် (ငြိမ်း၊စု၊စီ) ဥပဒေပုဒ်မ ၁၉ ဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည်။

**ထွန်တုံးတိုက်ပွဲပြုလုပ်ခြင်းအတွက် တရားစွဲဆိုခြင်းခံထားရသော မြစ်သားမြို့နယ်မှ တောင်သူငါးဦးကို ပြစ်ဒဏ်ချမှတ်**

ဇူလိုင်လ ၁၇ ရက်နေ့တွင် မန္တလေးတိုင်းတရားလွှတ်တော်မှ သိမ်းဆည်းခံမြေပေါ် ထွန်တုံးတိုက်ပွဲပြုလုပ်ခဲ့ခြင်းအတွက် တရားစွဲဆိုခြင်းခံထားရသော မန္တလေးတိုင်း၊ မြစ်သားမြို့နယ်၊ တေစိုးကျေးရွာမှ ဒေါ်ခင်ညိုအပါအဝင် တောင်သူငါးဦးကို ဒဏ်ငွေ၂၀၀၀ကျပ်စီ (သို့မဟုတ်) ထောင်နှစ်ပတ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ တောင်သူများဘက်မှ လိုက်ပါဆောင်ရွက်ပေးခဲ့သည့် တရားလွှတ်တော်ရှေ့နေ ဦးနိုင်နိုင်ထွန်းမှ ပိုင်နက်ကျူးလွန်မှု၊ ရာဇသတ်ကြီးပုဒ်မ ၄၄၇ အတွက် ဒဏ်ငွေ ၂၀၀ ကျပ် (သို့မဟုတ်) ထောင်ဒဏ် ၁၄ ရက်နှင့် အကျိုးစီးပွား

ဖျက်ဆီးမှု၊ ရာဇသတ်ကြီးပုဒ်မ ၄၂၇ အတွက် ဒဏ်ငွေ ၂၀၀ ကျပ် (သို့မဟုတ်) ထောင်ဒဏ် ၁၄ ရက်ကျခံစေရန် မန္တလေးတိုင်းတရားလွှတ်တော်မှ အမိန့်ချမှတ်ခဲ့သည်ဟု ပြောကြားခဲ့သည်။ တောင်သူများသည် ထိုကဲ့သို့ပြစ်ဒဏ်ချမှတ်ခြင်း ကိုကျေနပ်ခြင်းမရှိ၍ ဒဏ်ငွေမပေးဆောင်ခဲ့ပါဟု ၎င်းမှ ပြောကြားခဲ့သည်။ မန္တလေးတိုင်းတရားလွှတ်တော်မှ အမိန့်ကို မြစ်သားမြို့နယ်တရားရုံးသို့ ပို့ပြီးမှ ပြစ်ဒဏ်တရားဝင်မည် ဖြစ်မည့်အတွက် လက်ရှိတွင် တောင်သူများသည် ထောင်မကျသေးပါဟု ၎င်းမှ ထပ်မံပြောကြားခဲ့သည်။

တောင်သူငါးဦးအမှုနှင့် ပတ်သက်၍ မြစ်သားမြို့နယ် တရားရုံးမှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် အပြီးသတ်လွှတ်ကြောင်း အမိန့်ချမှတ်ခဲ့ရာ တရားလိုဘက်မှ အယူခံတက်၍ တိုင်းတရားရုံးမှ ဇူလိုင် ၁၇ ရက်နေ့တွင် ပြင်ဆင်အမိန့် ချမှတ်ခဲ့ခြင်းဖြစ်သည်ဟု ဦးနိုင်နိုင်ထွန်းမှ ပြောကြားခဲ့သည်။

ဒေသခံတောင်သူများ ပိုင်ဆိုင်သော ကျောက်ဆည်နှင့် မြစ်သားမြို့နယ်အစပ်ရှိ လယ်ယာမြေဧက ၈,၀၀၀ ကျော်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝါသုတေသန စိုက်ပျိုးရေး စီမံကိန်းပြုလုပ်ရန် ၁၉၆၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၇၉-၁၉၈၀ ပြည့်နှစ်တွင် တစ်ကြိမ်၊ ၁၉၈၃-၁၉၈၄ ခုနှစ်တွင် တစ်ကြိမ်သိမ်းဆည်းခဲ့သည်။ ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် အဆိုပါလယ်ယာမြေများပေါ်တွင် တေစိုးကျေးရွာရှိ တောင်သူများမှ ဝင်ရောက်ထွန်ယက်စိုက်ပျိုးခဲ့ပြီး ထွန်တုံးတိုက်ပွဲပြုလုပ်ခဲ့သည်။ ထို့ကြောင့် ၂၀၁၆ ခုနှစ်တွင် လွန်ကျော်ဝါသုတေသနမျိုးသန့် ခြံမန်နေဂျာ ဦးဝင်းမြင့်မှ တရားလိုပြုလုပ်ကာ တောင်သူငါးဦးကို ပိုင်နက်ကျူးလွန်မှု၊ အကျိုးစီးပွားဖျက်ဆီးမှု၊ ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ ၄၂၇ ဖြင့် တရားစွဲဆိုခဲ့သည်။

- ## ထောင်တွင်းအခြေအနေများ

### အကျဉ်းထောင်အခြေအနေများနှင့် ပတ်သက်၍ Frontier Myanmar မှ ICRC ကို တွေ့ဆုံမေးမြန်းခြင်းပြုလုပ်

ဇူလိုင်လ ၄ ရက်နေ့တွင် Frontier Myanmar မှ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) နှင့် တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့ခြင်းကို ထုတ်ပြန်ခဲ့သည်။ ICRCသည် ၁၉၉၉ ခုနှစ်ကတည်းက မြန်မာနိုင်ငံ၏ အကျဉ်းထောင်များအတွင်းသို့ ဝင်ရောက်၍ စစ်ဆေးမှုများ၊ ပံ့ပိုးကူညီမှုများ ပြုလုပ်လျက်ရှိသည်။ ထောင်တွင်းအခြေအနေများနှင့် အကျဉ်းကျခြင်းခံနေရစဉ်အတွင်း အကျဉ်းသားများသည် ကောင်းမွန်စွာ ဆက်ဆံခံရခြင်း ရှိ၊ မရှိ သိရှိစေရန်အတွက် ထောင်တွင်း သို့ဝင်ရောက် ကြည့်ရှုစစ်ဆေးခြင်းဖြစ်သည်။ အကျဉ်းထောင်နှင့် ပတ်သက်၍ ၎င်းတို့၏အသေးစိတ် တွေ့ရှိချက်များအပေါ် လျှို့ဝှက်အစီရင်ခံစာကို ဝေမျှခြင်းမပြုမီ ICRC သည် အကျဉ်းသားများကို တွေ့ဆုံမေးမြန်းခြင်း၊ အကျဉ်းထောင်များသို့ သွားရောက်လည်ပတ်ခြင်း၊ ထို့ပြင် အကျဉ်းထောင် အာဏာပိုင်များနှင့် လည်းဆွေးနွေးခြင်းတို့ ပြုလုပ်ခဲ့သည်။ ICRC သည် မန္တလေးဗဟိုအကျဉ်းထောင်တွင် ကျောင်းတည်ဆောက်ရန် အာဏာပိုင်များကို ကူညီခြင်း၊ လားရှိုးအကျဉ်းထောင်တွင် multi-purpose room တည်ဆောက်ရန် အာဏာပိုင်များကို ကူညီခြင်း အပါအဝင် အကျဉ်းထောင်များအတွင်း အမျိုးမျိုးသော စီမံကိန်းများကို အကောင်အထည် ဖော်ခဲ့သည်။ ထို့ပြင် ညောင်ရွှေအကျဉ်းထောင်တွင် တီဘီရောဂါရှိသူများအတွက် အဆောက်အဦးဆောက်လုပ်ရန် အာဏာပိုင်များကို ပံ့ပိုးကူညီမှုပေးခဲ့ပြီး အင်းစိန်အကျဉ်းထောင်တွင်လည်း စီမံကိန်းအကြီးစားတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြုလုပ်လျက်ရှိသည်။ တွေ့ဆုံမေးမြန်းမှုတွင် ICRC တာဝန်ရှိသူများမှ ခေတ်နောက်ကျနေသော ၁၈၉၄ အကျဉ်းထောင်ဥပဒေကို ပြောင်းလဲမှုများပြုလုပ်သည်ကို မြင်တွေ့ချင်သည်ဟု ထုတ်ဖော် ပြောဆိုခဲ့သည်။

### ထောင်တွင်းလူ့အခွင့်အရေးချိုးဖောက်မှု ရှိ၊ မရှိ လူ့အခွင့်အရေးကော်မရှင်စစ်ဆေး

မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် (MNHRC) သည် ဇူလိုင်လ ၉ ရက်နေ့တွင် ပခုက္ကူထောင်ကိုလည်းကောင်း၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် အိုးဘိုထောင် ၁ နှင့် ၂၊ အမျိုးသားကျောက်ထုတ်စခန်းနှင့် အမျိုးသမီးကျောက်ထုတ်စခန်းတို့ကိုလည်းကောင်း၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ လဘဲလင်းအကျဉ်းစခန်း ၁၊ ၂ တို့နှင့် ရဲစခန်းအချုပ်ခန်းများကိုလည်းကောင်း၊ ဇူလိုင်လ ၁၂ ရက်နေ့မှ ဇူလိုင်လ ၁၃ ရက်နေ့ထိ မန္တလေးဗဟိုအကျဉ်းထောင်ကိုလည်းကောင်း သွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာတွင် အကျဉ်းထောင်တချို့၌ အပြစ်မရှိဘဲမှားယွင်း၍ ပြစ်ဒဏ်ချမှတ်ခံရကြောင်း တင်ပြသည့်သူများရှိသည်ဟု ကော်မရှင်အဖွဲ့ဝင်တစ်ဦးမှ ဇူလိုင်လ ၁၅ ရက်နေ့တွင် ပြောကြားခဲ့သည်။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်မှလည်း ပခုက္ကူအကျဉ်းထောင်သည် အကျဉ်းသားဦးရေ ၄၀၀ ကျော်သာ ဆံ့သော်လည်း လက်ရှိတွင် အကျဉ်းကျခံနေရသူ ၅၀၀ ကျော်ရှိနေကြောင်း၊ ကျောက်ထုတ်စခန်းများ၌ နားနေတဲအရေးအတွက် လုံလောက်မှုမရှိကြောင်းနှင့် အမျိုးသမီးကျောက်ထုတ်စခန်းတွင် ကျောက်တောင်း အလေးချိန်များနေခြင်းများကို တွေ့ရှိရကြောင်း ပြောကြားခဲ့သည်။

အိုးဘိုအကျဉ်းထောင်တွင် အကျဉ်းကျခံနေရသူ ကိုးထောင်နီးပါးရှိပြီး ကလေးမိခင်အယောက် ၄၀ ခန့်ရှိခြင်းကြောင့် ထောင်အတွင်း၌ ကလေးများအတွက် မူကြိုကျောင်း ဖွင့်ထားပေးရသလို ၈ တန်း၊ ၉ တန်းနှင့် ၁၀ တန်းတို့၌ စာသင်ကြားနေကြ သည့် အကျဉ်းသားများလည်းရှိသည်။ အိုးဘိုအကျဉ်းထောင်တွင်

ကော်မရှင်အဖွဲ့ဝင်များနှင့် သီးသန့်တွေ့ဆုံကာ ကြုံတွေ့နေရသည့် အခက်အခဲ ပြဿနာများကို ပြောပြသူ ၁၈၄ ဦးအထိ ရှိခဲ့သည်ဟု သိရှိရသည်။

ထို့အပြင် အကျဉ်းဦးစီးဌာနဝန်ထမ်းများကို တွေ့ဆုံ၍ လုပ်ငန်းအခက်အခဲများ ရှိ၊ မရှိ မေးမြန်းပြီး အကျဉ်းသား၊ အကျဉ်းသူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ မပြုလုပ်မိစေရေး အကြံပြုခဲ့ကြောင်းလည်းသိရှိရသည်။

**ရဲနှိပ်စက်သဖြင့် လူသေရသည်ဆိုသောအမှု ဖြေရှင်းချက်ပေးရန် ပြည်ထဲရေးကို ကော်မရှင်မှ အကြောင်းကြား**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့၏ ထိန်းသိမ်းစစ်မေးခြင်းကိုခံရသည့်အသက် ၂၆ နှစ်အရွယ် အမျိုးသားတစ်ဦး သေဆုံးသွားသည့်ကိစ္စကို ဖြေရှင်းချက်ပေးရန် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC) မှ ပြည်ထဲရေး ဝန်ကြီးဌာနထံ ဖြေရှင်းချက်ပေးရန် အကြောင်းကြားထားသည်။ ဇူလိုင်လ ၁၄ ရက်နေ့တွင် အင်းစိန်မြို့နယ် ရဲမှူးဦးတင်အေးမှ ထိုဖြစ်စဉ်ကို စုံစမ်းစစ်ဆေးရေး ခုံရုံးဖွဲ့ကာစစ်ဆေးနေသည်ဟု Myanmar Now ကို ပြောကြားခဲ့သည်။ ဖွန်လ ၂၁ ရက်နေ့ညတွင် လှိုင်သာယာမြို့နယ်တွင် နေထိုင်သည့် ကိုခိုင်မင်းဝေကို ရဲမှစစ်မေးစရာရှိ၍ဟုဆိုကာ လာရောက်ခေါ်ဆောင်၍ ရဲကင်းတွင် စစ်မေးပြီးနောက် ခြောက်နာရီခန့်အကြာ သေဆုံးခဲ့သည့်အပေါ် ၎င်း၏မိခင်ဖြစ်သူမှ သားဖြစ်သူသည် ရဲ၏ညှဉ်းပန်းနှိပ်စက်မှုကြောင့် သေဆုံးရကြောင်း ဇူလိုင်လ ၁၀ ရက်နေ့တွင် MNHRC ထံတိုင်ကြားခဲ့ခြင်းဖြစ်သည်။ ကိုခိုင်မင်းဝေနှင့်အတူ ရဲကင်းတဲတွင် တစ်ညထိန်းသိမ်းစစ်မေးခြင်းခံခဲ့ရသည့် အသက် ၁၅ နှစ်အရွယ် ၎င်း၏ဝမ်းကွဲညီတော်စပ်သူမှ ရဲများမှ ကိုခိုင်မင်းဝေကို တံခါးပိတ်ကာ နှိပ်စက်ကြောင်း၊ ကိုခိုင်မင်းဝေ၏ လက်နှစ်ဖက်ကို ခုံပေါ်တွင်တင်၍ လက်ဆစ်များကိုရိုက်ခြင်း၊ ဝမ်းလျားမှောက်ခိုင်း၍ ကျောကုန်းကိုရိုက်ခြင်း၊ မေ့သွားချိန်တွင် ဗိုင်းကန်၍နှိုးခြင်း၊ ဗိုင်းဝန်းရိုက်နှက်ကြခြင်းကို ပြုလုပ်ခဲ့ကြသည်ဟု ပြောကြားခဲ့သည်။ ကိုခိုင်မင်းဝေ၏ ဝမ်းကွဲညီမှ ၎င်းကိုလည်း ရပ်ကွက်လူကြီးဦးအေးကြိုင်မှ ရဲကင်းတွင် ရိုက်နှက်ခဲ့သည်ဟု ပြောကြားခဲ့သည်။ ၎င်းက မနက် ၄ နာရီခွဲတွင် ပြန်လွှတ်ပေးခဲ့ပြီး ကိုခိုင်မင်းဝေကို ဆက်လက်စစ်မေးခဲ့သည်ဟု ပြောကြားခဲ့သည်။

**ကွင်းဆင်းစစ်ဆေးခဲ့သည့် အကျဉ်းထောင် ၄၂ ခုတွင် လူ့အခွင့်အရေးနစ်နာမှုများ တွေ့ရှိဟု MNHRC ပြောကြား**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) သည် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင် ၄၇ ခုအနက် ၄၂ ခုကို ကွင်းဆင်းစစ်ဆေးပြီးနောက် လူ့အခွင့်အရေးနစ်နာမှုများ တွေ့ရှိကြောင်း ယင်းကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်မှ ပြောကြားခဲ့သည်။ MNHRC ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် ဖွဲ့စည်းခဲ့ပြီး ယင်းကာလမှစ၍ ၂၀၁၈ ခုနှစ်၊ ဇူလိုင်အထိ အကျဉ်းထောင် ၄၂ ခုကို စစ်ဆေးနိုင်ခဲ့သည်။ အဆိုပါ အကျဉ်းထောင် ၄၇ ခုတွင် ဆောက်လုပ်မှု မပြီးသေးသည့် လောက်ကိုင်၊ မကွေး၊ ကျိုက်မရော အကျဉ်းထောင်သုံးခု ရှိသေးကြောင်း ၎င်းက ပြောသည်။

စစ်ဆေးခဲ့သည့် အကျဉ်းထောင်အများစုရှိ အကျဉ်းသားများသည် နေထိုင်ရန် နေရာအကျပ်အတည်းရှိခြင်း၊ ရေရှားပါးခြင်းကြောင့် ရေပ၀ပ္ပလင်လင်မချိုးရခြင်း၊ ဆရာဝန်၊ သူနာပြုမလုံလောက်သည့် ပြဿနာများရှိခြင်း၊ အိမ်သာတက်ရန် အခက်အခဲရှိခြင်းစသည့် ပြဿနာများကို ကြုံတွေ့နေရကြောင်း ဦးယုလွင်အောင်မှ စစ်ဆေးတွေ့ရှိချက်များကို ကိုးကား၍ ပြောကြားခဲ့သည်။ ထို့ပြင် ဆေးဝါးမလုံလောက်ခြင်းနှင့် အကျဉ်းသားများကို ရိုက်နှက်ဆုံးမသည့် ပြဿနာများ တွေ့ရကြောင်း ၎င်းကရှင်းပြသည်။ အကျဉ်းထောင်များတွင် အဓိကကြုံတွေ့နေရသည့် အခက်အခဲသည် အကျဉ်းသားဦးရေကျပ် သိပ်နေခြင်းဖြစ်ပြီး ထိုအခြင်းအရာကို လူ့အခွင့်အရေးချိုးဖောက်သည်ဟု ပြောခြင်းထက် လူ့အခွင့်အရေးနစ်နာခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ ထိုကိစ္စရပ်များကို နိုင်ငံတော်သမ္မတထံ တင်ပြထားပြီးဖြစ်သည်ဟုလည်း ပြောကြားခဲ့သည်။ ကော်မရှင်မှ ကွင်းဆင်းစစ်ဆေးရန်ကျန်ရှိနေသည့် အကျဉ်းထောင်နှင့် အကျဉ်းစခန်းများကို လာမည့် ဩဂုတ်လအတွင်းအပြီး ဆောင်ရွက်ရန်စီစဉ်ထားသည်။

**ဒေးဒရဲမြို့တွင် အမျိုးသားတစ်ဦးအား ရဲတပ်ဖွဲ့မှ ဖမ်းဆီးစစ်ဆေးစဉ် သေဆုံးခဲ့ခြင်းနှင့်ပတ်သက်၍ ရဲလုပ်ငန်းစဉ်အား အပြည့်အဝမလုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိ**

ဒေးဒရဲမြို့၊ တော်ကြပ်ကျေးရွာအုပ်စု၊ ညောင်တပင်ကျေးရွာတွင် ဖွန်လ ၂၆ ရက်နေ့၌ အမျိုးသားတစ်ဦးအား ငါးဖမ်းပိုက်ခိုးသည်ဟု စွပ်စွဲကာ ကျေးရွာရာအိမ်မှူးမှ တစ်ဆင့်ဖမ်းဆီးခဲ့ပြီးနောက် မြို့မရဲစခန်းသို့ ပို့ဆောင်စစ်ဆေးမေးမြန်းနေစဉ်အတွင်း စွပ်စွဲခံရသူသည်ဒဏ်ရာများဖြင့် သေဆုံးသွားခြင်းနှင့်ပတ်သက်၍ ဇူလိုင်လ ၂၄ ရက်နေ့တွင် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် (MNHRC) မှ ဒေးဒရဲမြို့သို့ သွားရောက်စစ်ဆေးခဲ့ပြီး ရဲတပ်ဖွဲ့မှ ရဲလုပ်ငန်းစဉ်များအား အပြည့်အဝလုပ်ဆောင်ခဲ့ခြင်းမရှိသည်ကို စစ်ဆေးတွေ့ရှိခဲ့သည်။ သေဆုံးသူ ဦးဇော်မင်းထွန်းတွင် ပြင်ပဒဏ်ရာများ တွေ့ရှိခဲ့သောကြောင့် ၎င်း၏မိသားစုမှ အမှုဖွင့်တိုင်ကြားခဲ့ကြောင်း၊ တိုင်ကြားချက်များအရ ရဲတပ်ဖွဲ့အဆင့်ဆင့်မှ စစ်ဆေးဆောင်ရွက်ခဲ့ပြီး ဦးဇော်မင်းထွန်းအား စစ်ဆေးခဲ့စဉ်တွင် ပါဝင်ခဲ့သော ရဲတပ်ဖွဲ့ဝင်ကိုးဦးအား အရေးယူဆောင်ရွက်ထားကြောင်း၊ နစ်နာသူ၏ မိသားစုဝင်များမှ MNHRC ကို တိုင်ကြားခဲ့ခြင်းကြောင့် ဒေးဒရဲမြို့ သို့ သွားရောက် စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း MNHRC မှ သိရှိရသည်။

# နိုင်ငံရေးနှင့်နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**မော်လမြိုင်ကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးကို ဖယ်ရှားပေးရန်ဆန္ဒပြ**

မွန်ပြည်နယ်၊ မော်လမြိုင်ကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဥပဒေမဲ့မြေသိမ်းသည့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ကို ဖြုတ်ချပေးရန် ဇူလိုင်လ ၁ ရက်နေ့တွင် ဒေသခံ ၅၀ ကျော်မှ ဆန္ဒထုတ်ဖော်ခဲ့သည်။ ယခင်အစိုးရလက်ထက်တွင် တပ်မတော်မှ သိမ်းဆည်း၍ ပြန်လည်စွန့်လွှတ်ခဲ့သော ငါးကန်ကို ရာဇူဒိုင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ ဒေသခံများထံ ပြန်ပေးခြင်းမရှိဘဲ ၎င်းတို့မှ ဆက်လက်လုပ်ကိုင်နေခဲ့သည်။ ထို့ပြင်ယခုနှစ် နှစ်ဆန်းပိုင်းတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများ ပြန်လည်ရွေးချယ်သည့်အခါတွင်လည်းမဲမသမာမှုများပြုလုပ်၍ ကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ် ဆက်လက်လုပ်ကိုင်နေကြောင်း ဆန္ဒဖော်ထုတ်ပွဲဦးဆောင်သူ ဦးမြင့်စိုးမှ ပြောကြားခဲ့သည်။

အဆိုပါအခြေအနေများကို ဒေသခံများမှ မော်လမြိုင်ကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူးထံ လေးကြိမ်တိုင်ကြားခဲ့သော်လည်း ၎င်းမှ တိုင်ကြားသည့် ဒေသခံများကို ဖိအားပေးစစ်ဆေးခဲ့ပြီး ဒေသခံများမှ ဖြုတ်ချပေးရန် တောင်းဆိုနေသော ကျေးရွာအုပ်ချုပ်ရေးမှူးက ဆက်လက်ခန့်အပ်ခဲ့ကြောင်း ကညင်ချောင်းကျေးရွာရှိ ဦးကြာညွှန့်မှ ပြောဆိုခဲ့သည်။ ထို့ပြင် ဒေသခံများမှ ကျေးရွာအုပ်ချုပ်ရေးမှူးကိစ္စအား ၎င်းထံထပ်မံလာရောက် ပြောဆိုပါက တရားစွဲဆိုမည်ဟု ဒေသခံများကို ခြိမ်းခြောက်ခဲ့သည်။

**အစိုးရသစ်လက်ထက်တွင် ဆက်သွယ်ရေးပုဒ်မဖြင့် တရားစွဲဆိုမှုပေါင်း ၁၃၄ မှုရှိ**

ဇူလိုင်လ ၄ ရက်နေ့အထိ ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှုပေါင်း ၁၃၄ မှုရှိသည်ဟု လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်လှုပ်ရှားမှုအသံမှ ထုတ်ဖော်ပြောကြားခဲ့သည်။

အစိုးရဟောင်းလက်ထက်တွင် တရားစွဲဆိုမှု ၁၁ မှုရှိခဲ့သော်လည်း အစိုးရသစ်လက်ထက်တွင် ယခင်ဥပဒေမပြင်ဆင်ခင် တရားစွဲဆိုမှုပေါင်း ၉၀ မှုရှိပြီး ဥပဒေပြင်ဆင်ပြီးချိန်တွင် တရားစွဲဆိုမှုပေါင်း ၃၃ မှုရှိသည်ဟု လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်လှုပ်ရှားမှုအသံ၏ အမှုဆောင်ဒါရိုက်တာ မောင်ဆောင်းခမ ပြောကြားခဲ့သည်။

**ဗိုလ်ချုပ်ရုပ်ထုစိုက်ထူမည့် အစီအစဉ်ကို ကရင်နီလူထု ဆန္ဒပြကန့်ကွက်၍ ရှုန်းရင်းဆန်ခတ်ဖြစ်ပွား**

ဇူလိုင်လ ၃ ရက်နေ့တွင် ဒေသခံ ၁၀၀၀ ခန့်မှ ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် ဗိုလ်ချုပ်ကြေးရုပ်စိုက်ထူမည့် အစီအစဉ်ကို ကန့်ကွက်ဆန္ဒထုတ်ဖော်ခဲ့ကြရာတွင် ရဲတပ်ဖွဲ့ဝင် ၁၀၀ ခန့်မှ တားဆီးခဲ့သည့်အတွက် ရှုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့သည်။ ဆန္ဒထုတ်ဖော်ပွဲဦးဆောင် ကော်မတီဝင် ခွန်းမျိုးလှိုင်ဝင်းမှ ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြသော်လည်း ၎င်းတို့၏ဆန္ဒကို လိုက်လျောခြင်းမရှိသည့်အတွက် ဆန္ဒထုတ်ဖော်သူများမှ ထိုးဖောက်ထွက်စဉ် ရဲတပ်ဖွဲ့ဝင်များမှ တုတ်နှင့်ရိုက်ခြင်း၊ လျှပ်စစ်တုတ်များနှင့်တို့ခြင်း၊ သေနတ်မောင်းကိုတင်၍ သေနတ်ဖြင့်ချိန်ခြင်းတို့ကို ပြုလုပ်ခဲ့၍ ဒဏ်ရာရခဲ့သူများ၊ ထွက်ပြေးရင်း ချော်လဲ၍ ဦးခေါင်းတွင် ဒဏ်ရာရရှိခဲ့သူများရှိသလို ရဲတပ်ဖွဲ့ဝင်များကို ဆန္ဒထုတ်ဖော်သူများမှ ပြန်လည်ရိုက်နှက်ခြင်းများကြောင့် ဒဏ်ရာရရှိသူများလည်းရှိသည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် ဆန္ဒထုတ်ဖော်ပွဲဦးဆောင်ကော်မတီဝင်များအနက်မှ တစ်ဦးဖြစ်သူ ကိုဖိလစ်စိုးအောင်ကို အချုပ်ကားအတွင်း ထည့်သွင်းခဲ့ပြီး ရဲတပ်ဖွဲ့မှ ဖမ်းထားသည့်သူကိုလွှတ်ပေးလျှင် လူစုခွဲပေးနိုင်မည်လားဟု တောင်းဆိုခဲ့သည့်အတွက် ၎င်းတို့လူစုခွဲပေးခဲ့သည်ဟု ပြောကြားခဲ့သည်။

ဇူလိုင်လ ၁ ရက်နေ့တွင် ဆန္ဒထုတ်ဖော်ပွဲကို ဦးဆောင်သူများသည် ဆန္ဒထုတ်ဖော်ရန်အတွက် မြို့နယ်ရဲတပ်ဖွဲ့ထံသို့ အကြောင်းကြားစာ ပေးပို့ထားပြီးဖြစ်ပြီး ထိုအကြောင်းကြားစာနှင့်ပတ်သက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့တို့မှ ညှိနှိုင်းရန် ခေါ်ယူသော်လည်း သွားရောက်ခြင်းမရှိခဲ့ပါ။ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုးမှ ဆန္ဒထုတ်ဖော်သူများသည် ငြိမ်း၊စု၊စီဥပဒေ ဖြင့် ခွင့်ပြုမိန့်မတင်ခြင်း၊ တားမြစ်ထားသည့် ဂိတ်များကို ဖောက်ထွက်ခြင်းတို့အတွက် ဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

အဆိုပါရုပ်တုထားရှိမည်ကို ကန့်ကွက်ရသည့် အကြောင်းရင်းများ၌ ပြည်နယ်အတွင်းရှိ အထင်ကရ ခေါင်းဆောင်များ၏ အမှတ်အသားများကို အရင်ဆုံးမလုပ်ဆောင်ရသေးခြင်း၊ အများပိုင်နေရာတွင် ထားရှိမည်ဖြစ်သဖြင့် လူထုသဘောထား တောင်းခံမှုများ မလုပ်ဆောင်ခြင်းတို့ကြောင့်လည်း ပါဝင်သည်ဟု UKSY ထံမှ သိရှိရသည်။

ဇူလိုင်လ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့တွင် ပြုလုပ်သည့် "ဗိုလ်ချုပ် အောင်ဆန်း ကြေးရုပ်တုနှင့် ပတ်သက်၍ ကရင်နီပြည်နယ်ရှိ ပြည်နယ်လူထုကြားစိတ်ဝမ်းကွဲမှု၊ မတည်မငြိမ်ဖြစ်စေမှုများအပေါ် ကရင်နီလူငယ်များ၏ သဘောထားများကို ရှင်းလင်းခြင်း" သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်ချုပ်ကြေးရုပ်ထား

ရှိရေး ကန့်ကွက်နေသည့် လှုပ်ရှားမှုများကို ကရင်နီလူငယ်များဘက်မှ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ကရင်နီပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေး တပ်ဦးမှ မနော်ဖောဝါးမှကန့်ကွက်သည့် လှုပ်ရှားမှုများ ရပ်ဆိုင်းရခြင်းသည် ဇူလိုင်လ ၂၀ ရက်နေ့က ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်ဖောင်ရှိုးမှ လွိုင်ကော်မြို့၌ ဗိုလ်ချုပ် ကြေးရုပ်တုထားရှိရေးကို အစိုးရဘက်မှ လုပ်ဆောင်တော့မည် မဟုတ်ကြောင်း၊ လုပ်ဆောင်လို သည့် လူထုအရပ်ဘက်အဖွဲ့များသာ ဦးဆောင်ကြရန် ပြောဆိုခြင်းကြောင့် ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ဗိုလ်ချုပ်ကြေးရုပ်ထားရှိရေးရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းပေးရန်နှင့် လတ်တလောမထားရန် ကန့်ကွက်နေကြသည့် နိုင်ငံရေးတက်ကြွလှုပ်ရှားသည့် ကရင်နီလူငယ်များမှာ ပြည်နယ်သူ ပြည်နယ်သားအချင်းချင်း ပြဿနာဖြစ်မည့်အရေးကို ရှောင်လိုသဖြင့် လှုပ်ရှားမှုများ ရပ်တန့်ရန် ဆုံးဖြတ်ရခြင်းဖြစ်သည်ဟုလည်း မနော်ဖောဝါးမှ ဆိုသည်။

## နိုင်ငံရေးလှုပ်ရှားမှုများမှ ပါဝင်ခွင့်ကို တားမြစ်ထားသော စည်းမျဉ်းများကို ရုတ်သိမ်းခဲ့ပြီးဖြစ်သော်လည်း အနည်းငယ်သာ ပြောင်းလဲမှုရှိပြီး ခြားနားမှုမရှိဟု ပြောကြား

ပညာရေးဝန်ကြီးဌာနမှ ကျောင်းသားများကို နိုင်ငံရေးလှုပ်ရှားမှုများမှ ပါဝင်ခွင့်ကို တားမြစ်ထားသော စည်းမျဉ်းများကို ရုတ်သိမ်းခဲ့ပြီးဖြစ်သော်လည်း အနည်းငယ်သာ ပြောင်းလဲမှုရှိပြီး ခြားနားမှုမရှိပါဟု ရတနာပုံတက္ကသိုလ် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ (ABFSU) မှ ပြောကြားခဲ့သည်။

စည်းမျဉ်းအသစ်တွင် အပြင်းထန်ဆုံးသော အပြစ်ပေးမှုသည် ကျောင်းသားများ နိုင်ငံရေးအုံကြွမှုတွင် ပူးပေါင်းပါဝင်သည်ကို တွေ့ရှိလျှင် ကျောင်းမှ ထုတ်ပယ်ခြင်းခံရမည်ဆိုသည်မှာ ဆက်လက်ရှိနေသည်။ စည်းမျဉ်းများကို ကျောင်းသားများအား ကျောင်းမှ ထုတ်ပယ်ရန် အသုံးပြုလေ့ရှိသောကြောင့် လွတ်လပ်စွာ ပညာသင်ကြားခွင့်ကို ခြိမ်းခြောက်နေဆဲဖြစ်ကြောင်း ABFSU မှ ပြောကြားခဲ့သည်။

## နေရပ်ပြန်ကချင်ဒုက္ခသည်များ နှင်ထုတ်ခံရ

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ နမ့်ဆာယန်ကျေးရွာ၌ ပြန်လည် နေထိုင်ကြသော စစ်ဘေးရှောင်ရွာသား ၆၀ ခန့် ကို စစ်တပ်မှ နေထိုင်ခွင့်မပြုသည့်အတွက် ပြန်လည်ထွက်ခွာသွားကြရသည်ဟု ကချင်အဖွဲ့အစည်းများမှ ပြောကြားခဲ့သည်။ ရွာသားများသည် မူလနေရပ်တွင် အခြေချနေထိုင်ရန် ဇွန်လကုန်တွင် ပြန်ခဲ့ခြင်းဖြစ်ပြီး စစ်တပ်မှ ခွင့်မပြုသောကြောင့် နီးစပ်ရာဗန်းမော်နှင့် မြစ်ကြီးနားရှိ စစ်ဘေးရှောင်စခန်းများတွင် ပြန်လည်ခိုလှုံနေကြရသည်။

နမ့်ဆာယန်ကျေးရွာသည် KIA စစ်တပ်ဌာနချုပ်ရှိရာ လိုင်ဇာသို့ သွားရာလမ်းတွင် တည်ရှိနေသလို စစ်ရေး၊ စီးပွားရေးအရ စစ်တပ်ဘက်မှ အလွယ်တကူ လက်လွှတ်ခံ၍မရသည့်နေရာ ဖြစ်နေ သည်ဟု ဝိုင်းမော်ဒေသခံများမှ မှတ်ချက်ပြုကြသည်။

## သီပေါမြို့နယ်အတွင်း ဆယ်အိမ်ခေါင်းအမျိုးသားတစ်ဦး သေနတ်ထပ်မံပစ်ခံရ

ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့နယ်၊ မိုင်းလင်းကျေးရွာအုပ်စု၊ ခွန်ပန်ပေါးရွာ (ဆီဆုံရွာ) မှ အသက် ၅၂ အရွယ်ရှိ ဆယ်အိမ်ခေါင်း ဦးကျော်ဝင်းနိုင်သည် ဇူလိုင်လ ၆ ရက်နေ့ည သန်းခေါင်ယံအချိန်ခန့်တွင် သေနတ်သုံးချက် ပစ်ခတ်ခြင်းခံခဲ့ရသည်။ ၎င်းသည် ဆီဆုံကျေးရွာတွင် တောင်ယာလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးဖြစ်ပြီး မည်သည့်အဖွဲ့မှ လာရောက် ပစ်ခတ်ခဲ့သည်ကို သိရှိရခြင်းမရှိသေးကြောင်း ဒေသခံများမှ ပြောကြားခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့နယ်တွင် မကြာခနသေနတ်ပစ်ခတ်ခံခဲ့ရ၍ ဒေသခံများ၏ လုံခြုံရေးသည် စိုးရိမ်နေရကြောင်း သီပေါမြို့ရှိ ဒေသခံတစ်ဦးမှ ပြောဆိုခဲ့သည်။

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်အတွင်းတွင် တပ်မတော်အပြင် ပြည်သူ့စစ်၊ ရဲတပ်ဖွဲ့၊ လက်နက်ကိုင်တော်လှန်ရေး တပ်ဖွဲ့များ ဖြစ်ကြသည့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)၊ တအာင်း (ပလောင်) အမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) တို့ မကြာခဏ သွားလာလှုပ်ရှားနေသည့် နေရာ ဖြစ်သည်။

## တက္ကသိုလ်တာဝန်ရှိသူများမှ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂကို ပိုစတာစည်းရုံးလှုံ့ဆော်မှု ပြုလုပ်ရန်တားမြစ်

ဇူလိုင်လ ၆ ရက်နေ့တွင် တက္ကသိုလ်တာဝန်ရှိသူများမှ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင်ိစစ်တပ်မှ ကျောင်းသားလှုပ်ရှားမှုကိုဖိနှိပ်ခဲ့သော အထိမ်းအမှတ်အဖြစ် ပိုစတာစည်းရုံးလှုံ့ဆော်မှုကို ပြုလုပ်ရန်တားမြစ်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်၊ ရူပဗေဒဌာနမှ ထိုစည်းရုံးလှုံ့ဆော်မှုကို ပြုလုပ်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ပြီး ကျောင်းသားများမှ ပိုစတာများကို ကိုင်၍ ပိုစတာအတွင်း ရေးသားထားသော “7 July” ကိုမမေ့ရန် စာသားကို ဖတ်ရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။ ထိုစည်းရုံးလှုံ့ဆော်မှုသည် ငြိမ်းချမ်းစွာ သင်ယူခြင်းကို အနှောင့်အယှက်ဖြစ်စေသည် ဟူသောစွပ်စွဲချက်ဖြင့် ဆရာများမှ ပိုစတာများကို ခွင့်မပြုခဲ့ခြင်းဖြစ်သည်။

## ဗိုလ်ချုပ်ကြေးရုပ်ထားရှိမည့် အစီအစဉ်ကို နာဂအဖွဲ့အစည်းများမှ ကန့်ကွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် စိုက်ထူမည့် အစီအစဉ်ကို နာဂအမျိုးသားရေးရာ ကောင်စီအပါအဝင် နာဂတိုင်းရင်းသားအဖွဲ့အစည်း ၁၀ ခုမှ ကန့်ကွက်ခဲ့ကြသည်။

ဗိုလ်ချုပ်ကို နိုင်ငံပြယုဂ်တစ်ခုအဖြစ် လက်ခံသော်လည်း တိုင်းရင်းသားဒေသများတွင် ရှိသည့်သမိုင်းဖြစ်စဉ်များ ပျောက်ပျက်သွားမည်ကို စိုးရိမ်ခြင်းကြောင့် ကန့်ကွက်ခြင်းဖြစ်သည်ဟု နာဂအမျိုးသားရေးရာကောင်စီမှ နော်အောင်ဆန်းမှ ပြောကြားခဲ့သည်။ ဗိုလ်ချုပ်ကြေးရုပ်စိုက်ထူရန်အတွက် အရပ်ဖက်အဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံများနှင့် တိုင်းရင်းသားအဖွဲ့အစည်း ခေါင်းဆောင်များ စုပေါင်း၍ ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေး ကော်မတီကို ၂၀၁၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ဇူလိုင်လ ၂၁ ရက်နေ့တွင် ကြေးရုပ်ဖွင့်ပွဲ ကျင်းပရန်လျာထားသည်။

ဇူလိုင်လ ၁၅ ရက်နေ့၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ ခန္တီးမြို့တွင် ဗိုလ်ချုပ်ရုပ်တုထားရှိမည့်အပေါ် နာဂအရပ်ဘက် အဖွဲ့အစည်းများမှ ကန့်ကွက်နေခြင်းသည် နာဂတိုင်းရင်းသားအားလုံးကို ကိုယ်စားမပြုကြောင်း ထုတ်ပြန်ခဲ့သည်။

### တပ်သားသစ်အဖြစ် လူငယ်၅၀ ခေါ်ဆောင်ခံရ

ဇူလိုင်လ ၁၅ ရက်နေ့တွင် ရှမ်းပြည်နယ်၊ မိုင်းပန်မြို့နယ်၊ ကုန်းကတ်ကျေးရွာအနီးတဝိုက်ရှိ ဒေသခံလူငယ် ၅၀ ဦးကို ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ/ရှမ်းပြည် တပ်မတော် (RCSS/SSA) မှ တပ်သားသစ်အဖြစ် ခေါ်ဆောင်သွားခဲ့သည်ဟု နမ့်စန်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) ဥက္ကဋ္ဌ ဦးနေဇော်နိုင်မှ ပြောကြားခဲ့သည်။ ထိုလူငယ် ၅၀ ဦးအနက်မှ လေးယောက်သည် NLD ပါတီဝင်များဖြစ်ကြသည်။ NLD ပါတီဝင်လေးဦးကို ပြန်လွှတ်ပေးရန် RCSS/SSA ထံလိပ်မူကာ ဇူလိုင်လ ၁၅ ရက်နေ့တွင် မေတ္တာရပ်ခံစာထုတ်ပြန် တောင်းဆိုခဲ့ခြင်းကြောင့် အမြန်ဆုံး ပြန်လွှတ်ပေးမည်ဟု RCSS/SSA မှ အကြောင်းပြန်ကြားခဲ့သည်။ RCSS/SSA မှ ထိုသို့မခေါ်ဆောင်မီ ဒေသတဝိုက်ရှိ လူငယ်အရေအတွက် စာရင်းကို ကောက်ယူထားပြီးဖြစ်ပြီး စာရင်းထဲပါသူများကို ကျေးရွာတာဝန်ရှိသူများနှင့် မိဘဆွေမျိုးများထံ အကြောင်းကြားထားပြီး ဖြစ်သည်ဟု ဦးနေဇော်နိုင်မှ ပြောကြားခဲ့သည်။ မသွားလျှင် မိဘဆွေမျိုးများ ခြိမ်းခြောက်ခံရမည်ကို စိုးရိမ်သည့်အတွက် မဖြစ်မနေကို လိုက်သွားကြရခြင်းဖြစ်သည်။

ထိုအခြေအနေနှင့် ပတ်သက်၍ RCSS/SSA မှ ဒုတိယ ဗိုလ်မှူးကြီး စိုင်းဦးကို RFA မှ ဆက်သွယ်မေးမြန်းရာတွင် ထိုကိစ္စကို ၎င်းအနေဖြင့် မသိကြောင်းနှင့် အတည်မပြုပေးနိုင်ပါဟု ပြောကြားခဲ့သည်။ RCSS/SSA သည်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့တစ်ဖွဲ့ဖြစ်သည်။

ဇူလိုင်လ ၉ ရက်နေ့တွင်လည်း မိုင်းကိုင်မြို့နယ်အတွင်းရှိ ကျေးရွာတဝိုက်တွင် အစိုးရတပ်မတော်နှင့် RCSS/SSA တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။

### တပ်မတော်မှ ဖမ်းမိခဲ့သောအမျိုးသမီး ဆေးမှူး ၆ ဦး သတ်ဖြတ်ခံရဟုTNLA ထုတ်ပြန်

ဇူလိုင်လ ၁၆ ရက်နေ့တွင် တအာင်းလွတ်မြောက်ရေးတပ်မတော် (TNLA) မှ ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ပြီးTNLA မှ အမျိုးသမီးဆေးမှူး ခြောက်ဦးကို ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမြို့နယ်တွင် တပ်မတော်မှ ဖမ်းဆီးထားပြီးနောက် သတ်ဖြတ်ခဲ့ကြောင်း ဖော်ပြထားသည်။ ဇူလိုင်လ ၁၁ ရက်နေ့တွင် TNLA ၏ ဆေးမှူးစစ်သမီး ခြောက်ဦးသည် TNLA တပ်သားများနှင့် အတူနယ်လှည့် ဆေးကုပြီး အပြန်လမ်းတွင် တပ်မတော် စစ်ကြောင်းနှင့် တိုးပြီးပစ်ခတ်မှုများ ဖြစ်ပွားခဲ့၍ TNLA တပ်သားတစ်ဦးကျဆုံးခဲ့ပြီး နောက်တစ်ဦးသည် ဒဏ်ရာရရှိခဲ့သော်လည်း ထွက်ပြေးလွတ်မြောက်ခဲ့ပြီး စစ်သမီးခြောက်ဦး ဖမ်းဆီးခံလိုက်ရခြင်း ဖြစ်သည်ဟု ကြေညာချက်ထဲတွင် ဖော်ပြထားသည်။

ဆေးမှူးစစ်သမီး ခြောက်ဦး၏အလောင်းများကို မန်တုံမြို့နယ် အွယ်လော ကျေးရွာအနီးတွင် ဒေသခံများမှ ဇူလိုင်လ ၁၄ ရက်တွင် ပြန်လည်တူးဖော်မိခဲ့သည်။ အမျိုးသမီးအလောင်း နှစ်လောင်းတွင် ဦးခေါင်းနှင့် ခြေထောက်များ၌ သေနတ်ဒဏ်ရာများ တွေ့ရပြီး အခြားအမျိုးသမီးအလောင်း လေးလောင်းတွင် ထိုးသွင်းဒဏ်ရာများနှင့် ဓားဒဏ်ရာများရှိကြောင်း TNLA ၏ ကြေညာချက်တွင် ဖော်ပြထားသည်။ ၎င်းတို့ဆေးမှူးများကို သတ်ဖြတ်ခဲ့သူများမှာ မြန်မာ့တပ်မတော် ခြေမြန်တပ်မ ၈၈ လက်အောက်ရှိ ခြေမြန်တပ်ရင်း ၃၀၁ မှဖြစ်ကြောင်း TNLA မှ ကြေညာချက်တွင် စွပ်စွဲထားသည်။

TNLA အမျိုးသမီး ဆေးမှူးများ ဖမ်းဆီးသတ်ဖြတ်ခံရသည့် အချိန်မှာ နေပြည်တော်တွင် တတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– ၂၁ရာစုပင်လုံအစည်းအဝေး ကျင်းပနေချိန် ဖြစ်ကြောင်း၊ ဖြစ်စဉ်မှာလည်း နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်သဖြင့် တပ်မတော်က ဖော်ထုတ်ပြီး အရေးယူပေးရန်လိုသည်ဟု TNLA မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးမိုင်းအိုက်ကျော်မှ ပြောကြားခဲ့သည်။

TNLA မှ ယင်းသို့ သတင်းထုတ်ပြန်ထားခြင်းနှင့် ပတ်သက်ပြီး တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့မှလည်း ဇူလိုင်လ ၁၉ ရက်နေ့တွင် ပြန်လည်ရှင်းလင်းချက် ထုတ်ပြန်ခဲ့ပြီး TNLA အမျိုးသမီးဆေးမှူး ခြောက်ဦးကို ၎င်းတို့ သတ်ဖြတ်ခဲ့သည် ဆိုသည့် သတင်းသည် မဟုတ်မမှန်ပါဟု ထုတ်ပြန်ခဲ့သည်။

### ရတနာပုံတက္ကသိုလ်ဝန်းအတွင်း အာဇာနည်နေ့ အခမ်းအနား ကျင်းပခွင့် မရ

ဇူလိုင် ၁၉ ရက်နေ့တွင် ကျရောက်သည့် ၇၁ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို မန္တလေးရတနာပုံ တက္ကသိုလ်ဝန်းအတွင်း ကျင်းပခွင့်မရသဖြင့် ကျောင်းသားများသမဂ္ဂ-ဗကသများအဖွဲ့ချုပ်မှ ဦးဆောင်၍ ရတနာပုံတက္ကသိုလ် ကျောင်းဝင်းပြင်ပရှိ ဖယ်ရီကားရပ်နားကွင်း၌ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားကို ရတနာပုံတက္ကသိုလ်ကျောင်းဝင်း အတွင်း၌ ကျင်းပပြုလုပ်ရန်အတွက် ကျောင်းအာဏာပိုင်များထံ ခွင့်ပြုချက်တောင်းခဲ့

သော်လည်း ခွင့်ပြုပေးခြင်းမရှိသဖြင့် ယခုကဲ့သို့ တက္ကသိုလ်ကျောင်းပြင်ပ၌ ပြုလုပ်ရခြင်းဖြစ်သည်။ အဆိုပါအခမ်းအနားသို့ ရတနာပုံတက္ကသိုလ်ကျောင်းအတွင်းရှိ မေဂျာပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းအနီးနေ ပြည်သူဦးရေ ၅၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

### ၂၁ ရာစု ပင်လုံညီလာခံကာလ ရှမ်းဒေသခံအပေါ် တပ်မတော်မှ လူ့အခွင့်အရေးချိုးဖောက်နေသည်ဟု သျှမ်းလူ့အခွင့်အရေး မဏ္ဍိုင်စွပ်စွဲ

ဇူလိုင်လ ၁၉ ရက်နေ့တွင် သျှမ်းလူ့အခွင့်အရေးမဏ္ဍိုင် (SHRF) မှ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး မြန်မာတပ်မတော် တပ်ဖွဲ့များနှင့် ဒေသခံပြည်သူ့စစ်များသည် မိုင်းကိုင်မြို့ တောင်ဖက်ရှိ လွိုင်လင်မြို့နယ်မှ ရှမ်းအရပ်သားများအပေါ် ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခဲ့သည်ဟု ဖော်ပြထားသည်။ ဖွန်လ ၈ ရက်နေ့မှ ဇူလိုင်လ ၈ ရက်နေ့အတွင်း တပ်မတော်သားများသည် ဒေသခံများ၏ နေအိမ်များကို ဝင်ရောက်ရှာဖွေခဲ့ပြီး ကျေးရွာလူကြီးများ အပါအဝင် ရွာသားများကို ရိုက်နှက်ခဲ့ကြပြီး ရှမ်းတပ်များကို ကူညီသူ မည်သူမဆိုကို ထောင်အနှစ် ၂၀ ချမည်ဟု ခြိမ်းခြောက်ခဲ့သည်ဟုလည်း SHRF မှ ဖော်ပြထားသည်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ နောင်လိုင်ကျေးရွာအုပ်စု၊ မူဆေးကျေးရွာတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် လက်အောက်ခံ ကယားပြည်နယ် ခြေမြန်တပ်ရင်း (၄၃၀) တပ်နှင့် ပြည်သူ့စစ်တို့ စခန်းချခဲ့ပြီး ဖွန်လ ၂၇ ရက်နေ့တွင် ရွာသူကြီးနှင့် ဒေသခံ အမျိုးသားတစ်ဦးအား ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) နှင့် အဆက်အသွယ်ရှိသည်ဟု စွပ်စွဲကာရိုက်နှက်မှု ပြုခဲ့ကြောင်း၊ တခြားသောဒေသခံများ၏ နေအိမ်များကိုလည်း ဝင်ရောက်ကာ မွှေနှောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း ဖော်ပြထားသည်။ ထို့ပြင် တပ်မတော်နှင့် ပြည်သူ့စစ်တပ်ဖွဲ့ ပူးပေါင်းအဖွဲ့သည် ရွာသူကြီးကို သေနတ်ဒင်ဖြင့် ဘယ်ဘက်နားထင်တစ်ချက်၊ ဘယ်ဘက်မျက်စိတစ်ချက်၊ ပါးစပ်တစ်ချက်၊ငယ်ထိပ်ကို နှစ်ချက်၊ ရင်ဘတ်ကိုလည်း သေနတ်ဖြင့် ရိုက်နှက်မှုကြောင့် လက်ရှိတွင် ရွာသူကြီး၏ ကျန်းမာရေးအခြေအနေ စိုးရိမ်ရသည်ဟု ဖော်ပြထားသည်။ ထို့ပြင် မူဆေးကျေးရွာမှ ဒေသခံအမျိုးသားတစ်ဦး၏ ဘယ်ဘက်နားထင်ကို ပြင်းပြင်းထန်ထန် သုံးချက်ရိုက်နှက်ခဲ့ပြီး ခန္ဓာကိုယ်အနံ့ ခြေထောက်ဖြင့် ကန်ခဲ့ကြသည်ဟုလည်း ဖော်ပြထားသည်။

### တရားဥပဒေစိုးမိုးရေးနှင့် အဂတိလိုက်စားမှုပပျောက်ရေးအတွက် တောင်သာဒေသခံများ ဆန္ဒထုတ်ဖော်

တရားဥပဒေစိုးမိုးရေးနှင့် အဂတိလိုက်စားမှုပပျောက်ရေးအတွက် ဇူလိုင်လ ၂၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင် တောင်သာမြို့နယ်အတွင်းရှိ ဘုရားလှ၊ရွာသစ်၊ နန်းမြင့်၊ မြေဖြူကုန်းစသည့် ကျေးရွာပေါင်း ၁၂ ရွာမှ ဒေသခံ ၁၀၀ ကျော်သည် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ဆန္ဒထုတ်ဖော်ပွဲကို ဦးဆောင်သူ ဘုရားလှကျေးရွာမှ ကိုတင့်လွင်ဦးမှ အုပ်ချုပ်ရေးမှူးများမှ ထောက်ခံစာထုတ်ပေးသည့်အခါ ငွေကြေးတောင်းခံခြင်းများ ရှိနေသလို လာဘ်စားမှုများကို တိုင်ကြားရာတွင်လည်း ဘက်လိုက်ဆောင်ရွက်မှုများရှိနေသည်ဟု ပြောကြားခဲ့သည်။ မြို့နယ်အတွင်း ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲများတွင်လည်း အဂတိလိုက်စားမှုများရှိနေသည်ဟု ဆန္ဒထုတ်ဖော်သူများမှ ပြောကြားခဲ့သည်။

ဆန္ဒထုတ်ဖော်သူများမှ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အလိုမရှိကြောင်း၊ ဘက်လိုက်ဆုံးဖြတ်ဆောင်ရွက်မှုများကို အလိုမရှိကြောင်း၊ တရားဥပဒေမဲ့လုပ်ရပ်များကို အလိုမရှိကြောင်း တောင်းဆို ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

### ရဲတပ်ဖွဲ့မှ လူ့အခွင့်အရေးချိုးဖောက်နေကြောင်း လူ့အခွင့်အရေး ကော်မရှင်သို့ တိုင်ကြားမှုများ တစ်နှစ်ထက်တစ်နှစ်ပိုများ

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် (MNHRC) ထံသို့ ရဲတပ်ဖွဲ့မှ လူ့အခွင့်အရေးချိုးဖောက်နေကြောင်း တိုင်ကြားသည့် တိုင်ကြားစာများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာပြီး အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများထက် ဧရာဝတီတိုင်းဒေသကြီးတွင် ပိုမိုဖြစ်ပွားလျက်ရှိကြောင်း၊ ရဲလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် ဥပဒေအတိုင်း ဆောင်ရွက်မှုနည်းပါးနေပြီး တရားခံများကို စစ်ဆေးရာတွင်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများစွာ ဖြစ်ပွားနေကြောင်း၊ မြို့ပေါ်ရဲစခန်း ရဲကင်းများထက် ဝေးလံသော ကျေးရွာဒေသများရှိ နယ်မြေရဲကင်းများတွင် လူ့အခွင့်အရေးချိုးဖောက်မှု ပိုမိုဖြစ်ပွားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြုပြင်ပြောင်းလဲရေးအတွက် ဆောင်ရွက်နေသော်လည်း လိုအပ်ချက်များရှိနေသေးပြီး တာဝန်ရှိသူအကြီးအကဲများအနေဖြင့် အမြန်ဆုံး ပြုပြင်ဆောင်ရွက်သွားရန် လိုအပ်နေသည်ဟု MNHRC မှ ထောက်ပြခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့်လည်း ရဲစည်းကမ်းဥပဒေများကို ဖောက်ဖျက်သည့် တပ်ဖွဲ့ဝင်များအား အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်နေသကဲ့သို့ တပ်ဖွဲ့ဝင်များ၏ စားဝတ်နေရေးကိစ္စရပ်များကိုပါ မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်သင့်ကြောင်းလည်း MNHRC မှ အကြံပြုတင်ပြထားသည်။

## ▪ လယ်ယာမြေအငြင်းပွားမှုများ

### ဝမ်ပေါင်ကုမ္ပဏီရှေ့တွင် လက်ပံတောင်းတောင်ဒေသခံများဆန္ဒပြ

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအား ဖျက်သိမ်းပေးရန် ဇူလိုင်လ ၄ ရက်နေ့တွင် ဒေသခံများမှ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

စီမံကိန်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေး အစီရင်ခံစာပါ တင်ပြချက်များကို လိုက်နာခြင်းမရှိဘဲ အစားထိုးမြေဧက ၁၉၀၀ ကိုလက်ပံတောင်းတောင် ကျေးရွာများနှင့် မိုင် ၄၀ ခန့် ဝေးသောနေရာတွင် ဖော်ဆောင်ပေးလာသောကြောင့် ယခုလို တောင်းဆိုရခြင်းဖြစ်သည်ဟု ဆန္ဒဖော်ထုတ်သူများမှ ပြောကြား ခဲ့ကြသည်။

စုံစမ်းစစ်ဆေးရေးပါ အစီရင်ခံစာတင်ပြချက်များကို လိုက်နာ ဆောင်ရွက်ရန် ဒေသခံများ၏ ယခုဆန္ဒပြ တောင်းဆိုမှုသည် ၂၀၁၈ ခုနှစ်အတွင်း စတုတ္ထအကြိမ်မြောက်ဖြစ်သည်။ ဆန္ဒဖော် ထုတ်သူများမှ အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တွေ့ဆုံ နိုင်ရန် ဇူလိုင်လ ၄ ရက်နေ့တွင် ကြိုးပမ်းခဲ့သော်လည်း တွေ့ဆုံ ခွင့်မရရှိခဲ့ပါ။

**မန္တလေးတိုင်းဒေသကြီးအတွင်း ပြန်လည်စွန့်လွှတ်သည့် မြေ ၁၅၈၀၉.၆၇ ဧကအနက် ၆၄၀၀ ဧက ကျော်ကို မူလတောင် သူများထံ ပြန်လည်ပေးအပ်**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သိမ်းဆည်းယာမြေများမှ ပြန် လည် စွန့်လွှတ်ခဲ့သည့် စိုက်ပျိုးမြေ ၁၅၈၀၉.၆၇ ဧက အနက် ၆၄၀၀ ကျော်ကို မူလတောင်သူများထံ ပြန်လည်ပေးအပ် ခဲ့သည်။ အမှုတွဲစိစစ်ရန်ကျန်နေသည့် မြေဧက ၉၃၀၀ ကျော်ကို ၂၀၁၈ ခုနှစ် မကုန်မီ ကာလအတွင်း အပြီးပေးအပ်သွားမည် ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေ များသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်မှ ပြောကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီးသည် သိမ်းဆည်းယာမြေ ပြဿနာအ များဆုံး ဖြစ်ပွားနေသည့် တိုင်းဒေသကြီးများအနက် တစ်ခုအပါ အဝင်ဖြစ်သည်။ ယခင်အစိုးရ လက်ထက်များ၌ ဒေသခံတောင် သူများထံမှ မြေယာများသိမ်းဆည်းခဲ့ရာတွင် မြေသိမ်းဥပဒေနှင့် အညီ သိမ်းဆည်းမှုအားနည်းခြင်း၊ ဥပဒေနှင့် မညီဘဲသိမ်းဆည်း ခဲ့ခြင်း၊ လျော်ကြေးမဲ့ဖြင့် သိမ်းဆည်းခြင်းစသည့် လုပ်ထုံးလုပ် နည်းများဖြင့် လုပ်ဆောင်မှု အားနည်းခဲ့ခြင်းများကြောင့် မူလတောင်သူများမှာ အခက်အခဲများနှင့် ကြုံတွေ့နေရဆဲ ဖြစ်သည်။

**ဆီအုန်းကုမ္ပဏီအား ရွာခြောက်ရွာမှ ဒေသခံတောင်သူ ၂၀၀ ကျော် ဆန္ဒထုတ်ဖော်**

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ ရေဖြူကျေးရွာရှိ ရွှေကမ္ဘောဇ ဆီအုန်းကုမ္ပဏီမှ စိုက်ပျိုးနေသော မြေယာများတွင် ဒေသခံတောင်သူများ၏ ရွာမြေနှင့် စိုက်ပျိုးမြေများအား ပြန်လည်ဖော်ဆောင်ပေးရန် ရှမ်းအင်းတော်ရွာ၊ ရေဖြူရွာ၊ ကွန့်ယောရွာ၊ ထုံခါရွာ၊ တားပလပ်ရွာနှင့် ချောင်လမုကျေး ရွာတို့မှ ဒေသခံတောင်သူ ၂၀၀ ကျော်သည် ဇူလိုင်လ ၈ ရက်နေ့၌ ချီတက်ဆန္ဒ ထုတ်ဖော်ခဲ့ကြသည်။ ဆီအုန်းကုမ္ပဏီမှ တောင်သူများ၏ ဧကများစွာသော သီးပင်စားပင်များကို ဖျက်ဆီးခဲ့သော်လည်း လျော်ကြေးနစ်နာကြေးများ ပေးဆောင် ခြင်း မရှိသည့်ပြင် ရွာမြေများလည်း ပျောက်ဆုံးခဲ့ရသည်ဟု ဒေသခံ တောင်သူများမှ ပြောကြားခဲ့သည်။

**တည်ဆောက်ဆဲနှင့် တည်ဆောက်ရန်စီစဉ်ထားသော စီမံကိန်း များနှင့် ပတ်သက်၍ စာတမ်းထုတ်ပြန်**

ဇူလိုင်လ ၁၀ ရက်နေ့တွင် ကရင်မြစ်ချောင်းများ စောင့်ကြည့်ရေး ကွန်ယက် (KRW) နှင့် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) တို့ပူး တွဲ ပြုစုခဲ့သည့် ရေကာတာသည် "ဖွံ့ဖြိုးရေးလော၊ ပျက်စီး ခြင်းလော" ရေကာတာတည်ဆောက်ခြင်းကြောင့် ဒေသခံများ အပေါ် ဆိုးကျိုးသက်ရောက်မှုများဆိုသည့် ခေါင်းစဉ်ဖြင့် စာတမ်း ၌ ဖော်ပြထားသည်။ နိုင်ငံတကာကုမ္ပဏီများ နောက်ခံထား သောစီမံကိန်းများသည် ပွင့်လင်းမြင်သာမှု မရှိခြင်းကြောင့် ဒေသခံများသည် စိုးရိမ်မှုများ ဖြစ်ပေါ်လျှက်ရှိသည်။ ဒေသခံ တချို့သည် ၎င်းတို့၏ရပ်ရွာများမှ ပြောင်းရွှေ့ခဲ့ရခြင်း၊ လယ်ယာ မြေနှင့် သီးနှံများဆုံးရှုံးခဲ့ရခြင်းတို့ကို ရင်ဆိုင်ခဲ့ရပြီးဖြစ်သည်။ အဆိုပါစီမံကိန်းများသည် လှိုင်းဘွဲ့မြို့နယ်ရှိ ဟတ်ကြီး ရေကာ တာ၊ သံတောင်မြို့နယ်ရှိ သောက်ရေခပ် ရေကာတာ၊ ကျောက် ကြီးမြို့နယ်ရှိ ဘောကထ ရေကာတာ၊ ဘီးလင်းမြို့နယ်ရှိ ဘီး လင်းရေကာတာ၊ ကော့ကရိတ်မြို့နယ်ရှိ ပတရေအားလျှပ် စစ်စီ မံကိန်း၊ ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ မဲ့ကသာစီမံကိန်း၊ ထီးခီးမြို့ နယ်ရှိ တနင်္သာရီစီမံကိန်းတို့ ဖြစ်ကြသည်။

အဆိုပါစီမံကိန်းများကို နိုင်ငံသားပိုင်ကုမ္ပဏီတစ်ခုဖြစ်သည့် အေးရှားဝေါလ်ကုမ္ပဏီ၊ တရုတ်၊ ထိုင်း၊ ဂျပန်နှင့် နော်ဝေနိုင်ငံ များမှ နိုင်ငံတကာအခြေစိုက် ကုမ္ပဏီများမှ အသီးသီးတာဝန်ယူ တာဝန်ယူ တည်ဆောက်လျှက်ရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ များစွာသောစီမံကိန်းများမှ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားကို ထိုင်းနှင့်တရုတ်နိုင်ငံသို့ တင်ပို့မည်ဖြစ် သည်။ စီမံကိန်းသုံးခုကို ၂၀၂၁ တွင် စတင်တည်ဆောက်ရန် လျာထားပြီး ၂၀၂၂ ခုနှစ်တွင် စီမံကိန်းပြီးဆုံးမည်ဖြစ်သည်။ အေးရှားဝေါလ်ကုမ္ပဏီသည် ထိုစီမံကိန်းတွင် ပါဝင်သည်ကို ငြင်းဆိုထားသည်။

ကရင်မြစ်ချောင်းများ စောင့်ကြည့်ရေးကွန်ယက် (KRW) မှ ညှိနှိုင်းရေးမှူးမှ အစိုးရသည် မည်သည့်သတင်းအချက်အလက် ကိုမှ ထုတ်ဖော် ပြောကြားခြင်းမရှိခြင်း၊ ဒေသခံများနှင့် ညှိနှိုင်း တိုင်ပင်မှု မရှိခြင်းတို့ကို ပြောကြားခဲ့သည်။ ကရင်လူ့အခွင့် အရေးအဖွဲ့ (KHRG) မှ ကုမ္ပဏီတချို့သည် လမ်းများစတင်တည် ဆောက်နေခြင်း၊ လုပ်ငန်းခွင်သုံးပစ္စည်းများက ိုစီမံကိန်းရှိရာ နေရာများသို့ ပြောင်းရွှေ့နေခြင်း၊ ဒေသခံများကို ပြောင်းရွှေ့ရန် ပြောကြားခြင်းတို့ကို ပြုလုပ်နေသည့်ပြင် ပျက်စီးသွားသော

ရွာများအတွက် လျော်ကြေးကိစ္စကို ဆွေးနွေးခြင်းမရှိပါဟု ပြောကြားခဲ့သည်။

KHRG မှ ရေကာတာရှိရာ နေရာဆယ်ခုအနက်ငါးခုတွင် နေထိုင်ကြသော ဒေသခံရွာသားများသည် လယ်ယာမြေသိမ်းဆည်းခံနေရခြင်းနှင့် ပိုင်ဆိုင်မှုများပျက်စီးခြင်းကို ရင်ဆိုင်နေကြရသည်။ လယ်ယာမြေသိမ်းဆည်းခြင်း သို့မဟုတ် သီးနှံများ ပျက်စီးခြင်းအတွက် လျော်ကြေး ပေးလျော်ခဲ့ခြင်းမရှိပါ။

## သိမ်းဆည်းခံလယ်မြေများ ပြန်လည်ရရှိရန် တောင်သူများဆန္ဒပြ

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်တွင် ၁၉၉၆-၁၉၉၇ ခုနှစ်ခန့်၌ နဝဒေးသကြားစက်နှင့် ရဲတပ်ရင်းအမှတ် (၁၀) မှ သိမ်းယူခဲ့သော လယ်မြေဧက၂၀၀ ကျော်ကို မူလတောင်သူများထံ တရားဝင်လွှဲပြောင်းပေးရန်အတွက် ဇူလိုင်လ ၁၃ ရက်နေ့တွင် ဒေသခံ ၁၀၀ ကျော်မှ ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လတွင် ပြည်ထောင်စုလွှတ်တော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု စုံစမ်းစစ်ဆေးရေး ကော်မရှင်မှ ပြည်မြို့နယ်အတွင်းရှိ အနောက်လက်ခုပ်ပင်၊ ရှမ်းစုနှင့် ရှမ်းကုန်းကျေးရွာမှ သိမ်းဆည်းခံ မြေဧက ၂၀၀ ကျော်ကို ဒေသခံ တောင်သူများအားလယ်မြေအဖြစ် ပြန်လည်ပေးအပ်သင့်သည်ဟု လွှတ်တော်၌ အစီရင်ခံစာတင်သွင်းခဲ့သည်။ သို့သော်လည်းလက်ရှိ အချိန်အထိတရားဝင် လွှဲပြောင်းပေးမှုမရှိသေးပါဟု ဆန္ဒပြပွဲဦးဆောင်သူ ဦးဇော်ထွန်းမှ ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ်အတွင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်အောက်ရှိ မြေစစ်ဌာနမှ ထိုမြေများကို နွားစားကျက်မြေအဖြစ် သတ်မှတ်ခဲ့ပြီး ဒေသခံများကို လယ်မြေအဖြစ် ပြန်လည်ချထားပေးခြင်းမရှိပါဟု တောင်သူများမှ ပြောကြားခဲ့သည်။ ယခင်က တောင်သူများသည် ထိုမြေများပေါ်တွင် နှမ်းစိုက်ပျိုးခဲ့ပြီး အစိုးရအစီအစဉ်ဖြင့် ဝါနှင့်ကြံတို့ကိုလည်း စိုက်ပျိုးခဲ့ကြောင်း၊ အခွန်ပေးသွင်းခဲ့သည့် မြေခွန်ပြေစာများလည်းရှိကြောင်း တောင်သူများမှ ပြောကြားခဲ့သည်။ ထိုလယ်မြေဧက ၂၀၀ ကျော်တွင် တောင်သူ ၆၀ နီးပါးသည် စိုက်ပျိုးလုပ်ကိုင်ခဲ့ကြသည်။

## မြန်မာနိုင်ငံရှိ GEF ၏ ထိန်းသိမ်းရေးစီမံကိန်းသည် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကိုချိုးဖောက်နေ

တနင်္သာရီတိုင်းအတွင်းတွင် အကောင်အထည်ဖော်မည့် GEF ၏ တောင်တန်းများဆီမှ သန္တာကျောက်တန်းများဆီသို့ စီမံကိန်းသည် ဒေသခံကရင်ဌာနေ တိုင်းရင်းသားများ၏ အခွင့်အရေးဖြစ်သော လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း (FPIC) အားချိုးဖောက်နေသောကြောင့် တနင်္သာရီ သဘာဝထိန်းသိမ်းရေးဆိုင်ရာ မဟာမိတ်ဖက်အဖွဲ့ (CAT) မှ တိုင်ကြားစာကို ဇူလိုင်လ ၁၆ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ ဤကြီးမားကျယ်ပြန့်သော သဘာဝထိန်းသိမ်းရေး စီမံကိန်းသည် ထောင်ချီသော ကရင်ဌာနေတိုင်းရင်းသားများ၏ မြေယာနှင့် သဘာဝအရင်းအမြစ်မှ အခွင့်အရေးကို ခြိမ်းခြောက်လျှက်ရှိသည်။ ဇူလိုင်လ ၁၇ ရက်နေ့ တွင် ကနဦး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရန်ပြင်ဆင်နေသော်လည်း ဒေသခံ ဌာနေတိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေးမှု မရှိပေ။ CAT ၏ တိုင်ကြားစာတွင် စီမံကိန်းကြောင့် ထိခိုက်မှုရှိသော လူမှုအသိုင်းအဝိုင်းအားလုံးနှင့် တိုင်ပင်ဆွေးနွေးမှုနှင့် လူထုသဘောထားရယူမှုပြီးသည့်တိုင် စီမံကိန်းကို ရပ်ဆိုင်းထားရန် တောင်းဆိုခဲ့သည်။

## သိမ်းဆည်းခံ မြေယာများအတွက် မြန်မာအစိုးရမှ လျော်ကြေးပေးရန် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ အစီရင်ခံစာထုတ်ပြန်၍တိုက်တွန်း

ဇူလိုင်လ ၁၇ ရက်နေ့တွင် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ (Human Rights Watch) မှ "ကျွန်တို့၏ မြေယာအတွက်မည်သည့်အရာမျှမရ၊ မြေယာသိမ်းဆည်းမှုကြောင့် မြန်မာ့လယ်သမားများ၏ ထိခိုက်နစ်နာမှုများ (Nothing for Our Land, Impact of Land Confiscation on Farmers in Myanmar)" အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပြီးသိမ်းဆည်းခံ မြေယာများအတွက် မြန်မာအစိုးရမှ လျော်ကြေးပေးရန် တောင်းဆိုခဲ့သည်။ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့မှ အဖွဲ့ဝင်တချို့သည် မြန်မာနိုင်ငံရှိ ရှမ်းပြည်နယ် တောင်ပိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးသို့ သွားရောက် လေ့လာခဲ့ပြီး တောင်သူ ၃၉ ဦးကို မေးမြန်းပြီးနောက် အစီရင်ခံစာကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အစီရင်ခံစာ၌ နစ်နာမှုအတွက် လျော်ကြေးမပေးခြင်း၊ သိမ်းဆည်းခြင်းခံထားရသည့် မြေယာများပေါ်မှ ထွက်ခွာရန် သို့မဟုတ် လယ်ယာလုပ်ငန်းများကို ရပ်တန့်ရန် ငြင်းဆိုမှု၊ ဆန့်ကျင်ဆန္ဒပြမှုအတွက် လယ်သမားအမြောက်အများသည ်ရာဇဝတ်ပြစ်မှုဆိုင်ရာပုဒ်မများဖြင့် တရားစွဲဆိုခံခဲ့ရကြောင်း ဖော်ပြထားသည်။ လွန်ခဲ့သည့်နှစ် ၃၀ အတွင်း မြန်မာနိုင်ငံအစိုးရ နှင့် တပ်မတော်အရာရှိများသည် လယ်သမားများထံမှ လယ်ယာမြေအမြောက်အများကို သိမ်းယူခဲ့သော်လည်း လုံးဝ သို့မဟုတ် လုံလောက်သည့် လျော်ကြေးမပေးသဖြင့် လယ်သမားများအနေဖြင့် လုပ်ကိုင်စားသောက်နိုင်ခြင်းမရှိတော့ဘဲ အခြေခံဝန်ဆောင်မှုများရယူနိုင်မှုလည်းနည်းပါးသွားကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထိုအစီရင်ခံစာထုတ်ပြန်ခဲ့ခြင်းနှင့် ပတ်သက်ပြီး လွတ်လပ်သော အာရှအသံ (RFA) မှ ဆက်သွယ်မေးမြန်းခဲ့ရာ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ အရာရှိတစ်ဦးဖြစ်တဲ့ ဗိုလ်မှူးကြီးဇော်မင်းထွန်းမှ တပ်မတော်က မလိုအပ်ဘဲသိမ်းဆည်းထားသည့် မြေကွက်များစွာကို ပြန်လည်ပေးအပ်ပြီးပြီ ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ခန္တီးတံတားတည်ဆောက်ရာတွင် လယ်ယာမြေဆုံးရှုံးခဲ့သည့် တောင်သူများ နစ်နာကြေးတောင်း**

စစ်ကိုင်းတိုင်း၊ ခန္တီးမြို့၊ ချင်းတွင်းမြစ်ကူးတံတားချဉ်း ကပ်လမ်း တည်ဆောက်ရာတွင် လယ်ယာမြေများ နစ်နာဆုံးရှုံးခဲ့သည့် တောင်သူများမှာ နစ်နာကြေးမရရှိသဖြင့် ခန္တီးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ စာတင်တောင်းဆိုထားကြောင်း တောင်းဆိုရာတွင် ပါဝင်ခဲ့သည့် ဒေါ်စိန်လှနွယ်မှ ပြောကြားခဲ့သည်။ ခန္တီးမြို့နယ်၊ သာစည်ရပ်ကွက်အတွင်းနေ တောင်သူ ခြောက်ဦး၏ လယ်ယာစုစုပေါင်း ၁၁ ဧကသည် ၂၀၁၆ ခုနှစ်၊ တံတားချဉ်းကပ်လမ်း (ခန္တီးဘက်ခြမ်း) တည်ဆောက်ချိန် ကတည်းက သိမ်းယူခဲ့ခြင်းဖြစ်ပြီး တံတားချဉ်းကပ်လမ်းများ တည်ဆောက်ရာတွင် တောင်သူများအတွက် မြေယာလျော်ကြေးများ ပေးအပ်ခဲ့သော်လည်း ၎င်းတို့အတွက် နစ်နာကြေးမှာ ဇူလိုင်လ ၁၆ ရက်နေ့ တံတားဖွင့်ပွဲပြုလုပ်ပြီးချိန်အထိ မရရှိသေးသဖြင့် စာတင်တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း ၎င်းမှ ပြောကြားခဲ့သည်။

တံတားစတင်တည်ဆောက်ချိန်မှစ၍ နစ်နာဆုံးရှုံးခဲ့သည့် တောင်သူများအတွက် မြေယာသီးနှံလျော်ကြေးများ ပေးအပ်ခဲ့ပြီး ဖြစ်ကာ ခန္တီးဘက်ခြမ်းသည် မြို့မြေအဖြစ်သိမ်းထားသည့် မြေယာများဖြစ်နေသည့်အတွက် မြေလွတ်မြေလပ်သဘောမျိုး ဖြစ်ခဲ့ပြီး တောင်သူများအတွက် နစ်နာကြေး ပေးအပ်နိုင်ခဲ့ခြင်းမရှိကြောင်း၊ ထို့အပြင် သက်ဆိုင်ရာလယ်သမားများ အနေနှင့်လည်း လျော်ကြေးများ ပေးအပ်ချိန်က တင်ပြခဲ့ကြခြင်းမရှိသည့်အတွက် လျော်ကြေးပေးအပ်ချိန်တွင် တောင်သူများကို ပေးအပ်နိုင်ခဲ့ခြင်း မရှိဘဲတင်ပြခဲ့သည့် ဆင်သေဘက်ခြမ်း ချဉ်းကပ်လမ်းဘက် တောင်သူများသာ လျော်ကြေးရရှိခဲ့ကြကြောင်း ခန္တီးမြို့နယ်တိုင်း ဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်ဝင်းမှ ပြောကြားခဲ့သည်။

**စံပရီးကျေးရွာအုပ်စုမှ တပ်စွန့်လွှတ်မြေပေါ်ရှိ အဆောက်အဦး များကို အင်အားသုံးဖယ်ရှား**

ကရင်ပြည်နယ်၊ ဖားအံမြို့နယ်၊ စံပရီးကျေးရွာအုပ်စုအတွင်းရှိ တပ်စွန့်လွှတ်မြေပေါ်တွင် အစိုးရခွင့်ပြုချက်မရှိဘဲ ဆောက်ထားသည့် အဆောက်အဦးများကို ဇူလိုင်လ ၁၇ ရက်နေ့မှ စတင်ပြီးသက်ဆိုင်ရာ ပြည်နယ်အုပ်ချုပ်ရေး အာဏာပိုင်များမှ ဝင်ရောက်ရှင်းလင်းဖယ်ရှားမှုများ ပြုလုပ်ခဲ့သည်။ စံပရီးကျေးရွာအုပ်စု၊ စံဖနံကျေးရွာနားရှိ တပ်စွန့်လွှတ်ထားသည့် မူလမြေ ၁၁၂၈ ဒဿမ ၃၉ ဧကမှ ၉၂၈ ဒဿမ ၉၃ ဧကကို နိုင်ငံတော်ပိုင်မြေအဖြစ် သတ်မှတ်ထားရှိပြီး ဖြစ်သည့်အတွက် ၎င်းမြေပေါ်အတွင်းရှိ အစိုးရခွင့်ပြုမိန့် မရရှိဘဲ နေထိုင်လုပ်ကိုင်သူများကို ပြောင်းရွှေ့ပေးရန် ဇွန်လ ၃၀ ရက်နေ့ ရက်စွဲဖြင့် အစိုးရဘက်မှ ထုတ်ပြန်ထားခဲ့သည်။ အဆိုပါမြေများပေါ်တွင် ဒေသခံအချို့မှ ယာယီအိမ်များ ဆောက်လုပ်ကာ နေထိုင်မှုများ ရှိသည့်အတွက် ပြည်နယ်အစိုးရမှ ထိုသို့အဖွဲ့စုံအင်အားသုံး၍ လူနေအိမ်နှင့် တဲများလာရောက်ဖြိုချမှုအပေါ် ၎င်းမြေတွင် လက်ရှိနေထိုင်လျှက်ရှိသည့် ဂုံပြင်မိ်းမှ ထိုမြေများသည် ၎င်းတို့ ဒေသခံများ၏ ဘိုးဘွားပိုင် မြေများဖြစ်ပြီး စစ်တပ်မှ သိမ်းယူသွားခြင်းဖြစ်ကာ ပြန်စွန့်လွှတ်ချိန်တွင် ၎င်းတို့ဘိုးဘွားပိုင်မြေကို ၎င်းတို့ခုတ်ထွင်ရှင်းလင်းစဉ်၌ မည်သူမျှတားဆီးခြင်းမရှိဘဲ KNU မှ ထိုမြေများကို အကွက်များ ချထားပေးခဲ့သည်ဟု ပြောကြားခဲ့သည်။

**အမ်း မြေယာနှင့်သယံဇာတ ဆွေးနွေးပွဲတား မြစ်မှုကြောင့် ဖျက်သိမ်းရ**

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၌ ဒေသခံ တောင်သူလယ်သမားများ၏ မြေယာနှင့် သယံဇာတဆိုသည့် ခေါင်းစီးဖြင့် ဆွေးနွေးပွဲကို ဇူလိုင်လ ၂၁ ရက်နေ့တွင် ပြုလုပ်နေစဉ် ဒေသဆိုင်ရာ အာဏာပိုင်များမှ ဥပဒေနှင့်မညီဟု လာရောက်ပြောဆိုသည့်အတွက် ပွဲစဉ်ဖျက်သိမ်းခဲ့ရသည်။ အဆိုပါ ဆွေးနွေးပွဲကို အမ်းမြို့နယ်၊ ရွှေအမ်းတောင်ခန်းမ၌ ဇူလိုင်လ ၂၁ ရက်နေ့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဆွေးနွေးမည့် သူများအပါအဝင် ဒေသခံ တောင်သူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ ရဲတပ်ဖွဲ့မှ ဆွေးနွေးပွဲပြုလုပ်ရန် ခွင့်ပြုချက်ပေးထားပြီး ထိုခွင့်ပြုချက်တွင် ဦးဆောင်ဆွေးနွေးမည့်သူ သုံးဦးသာ ပါဝင်ခြင်းကြောင့် ဆွေးနွေးမည့်သူ စာရင်းတွင် ကျောက်ဖြူမြို့နယ်မှ မြေယာနှင့် သယံဇာတ အရေးလှုပ်ရှားသူ ကိုထွန်းကြည်နှင့် အမ်းမြို့နယ်မှ ဓာတ်ငွေ့ ပိုက်လိုင်းကြောင့် နစ်နာသည့် တောင်သူများ အရေးလှုပ်ရှားသူ ကိုမျိုးလွင်တို့သည် ပါဝင်ခြင်းမရှိ၍ ရဲမှ ဟန့်တားခဲ့ခြင်းဖြစ်သည်။

**လယ်ဧက တစ်သိန်းခွဲကျော် ပျက်စီးမည့်မိုင်းဖြတ် ကျောက်မီးသွေး တူးဖော်ရေးစီမံကိန်းကို ဒေသခံများ ကန့်ကွက်**

ဇူလိုင်လ ၂၃ ရက်နေ့တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းဖြတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်၊ မိုင်းဖြတ်မြို့တွင် ဒေသခံလူထု၊ ရပ်မိရပ်ဖ၊ လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံကာ မိုင်းဖြတ်မြို့နယ်အတွင်း လယ်ယာမြေဧကတစ်သိန်း လေးသောင်းကျော်တွင် ပြုလုပ်မည့် ကျောက်မီးသွေးတူးဖော်ရေး စီမံကိန်းသည် ဒေသခံလူထုအတွက် ဆိုးကျိုးများစွာသက်ရောက်မည်ဖြစ်သဖြင့် အလိုမရှိ၍ ပြည်ထောင်စု အစိုးရထံစာရေးသားပေးပို့မည်ဖြစ်ကြောင်း ဆွေးနွေးသဘောတူခဲ့ကြသည်။ မိုင်းဖြတ်မြို့နယ်၊ ကျားခေါင်းပါတီ SNDP မြို့နယ်ဥက္ကဌ စိုင်းခမ်းဇန်မှ ယခင်က ထိုစီမံကိန်းကို ၎င်းတို့ အကြိမ်ကြိမ်စာရေးသား၍ ကန့်ကွက်ခဲ့ကြပြီး ပြည်နယ်အစိုးရထံကို စာရေးသား ပေးပို့ခဲ့ဖူးသော်လည်းထူးခြားလာခြင်းမရှိသည့် အပြင်ကုမ္ပဏီများမှ မြေနေရာများ လာရောက်စမ်းသပ်ကြည့်ရှု နေကြခြင်း၊ အစိုးရဘက်မှလည်း ထိုစီမံကိန်းကို ခွင့်ပြုပေးခဲ့သည်ဟု ကြားသိရခြင်းတို့ကြောင့် ပြည်ထောင်စုအစိုးရထံ တိုက်ရိုက်စာရေးသား ပေးပို့မည်ဟု ပြောကြားခဲ့သည်။ အကယ်၍ အစိုးရမှ မတားမြစ်ဘဲ ဆက်လက်ခွင့်ပြုထားလျှင် ၎င်းတို့ ဆန့်ကျင်ကန့်ကွက်ရန် သ

ဘောတူထားသည်ဟု ထပ်မံပြောကြားခဲ့သည်။ မိုင်းဖြတ်မြို့နယ်တွင် ကျောက်မီးသွေးတူး ဖော်မည့် ကုမ္ပဏီမှာ ဩစတြေးလျနိုင်ငံ၏ Access Resources Asia Co.Ltd ဖြစ်သည်။ ကျောက်မီးသွေးတူးဖော်ရေး စီမံကိန်းမှ ဆိုးကျိုးသက်ရောက်မည့် အုပ်စုပေါင်း ၁၃ အုပ်စုမှာ ဒေသခံများ ဖြစ်ကြောင်း သိရှိရသည်။

**စားကျက်မြေကိစ္စတင်းမာမှုဖြစ်ပွား**

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ချောင်းတူကျေးရွာမှ လယ်ပိုင်ရှင်တောင်သူခုနစ်ဦးနှင့် စားကျက်မြေလုပ်လိုသူ ဒေသခံများအကြား တင်းမာမှုများ ဖြစ်လာသည့်အတွက် အစိုးရမှ ဖြေရှင်းပေးရန် လိုအပ်နေကြောင်း ထိုတောင်သူခုနစ်ဦးမှ စစ်တွေမြို့၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ချောင်းတူကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်သောင်းနှင့် ရွာသားအများစုသည် တောင်သူခုနစ်ဦး ပိုင်ဆိုင်သော လယ်ယာမြေဧက ၄ဝ ကျော်ကို ကျေးရွာ ပိုင်စားကျက်မြေအဖြစ် ပြောင်းလဲရန်ကြိုးပမ်းနေခြင်းအတွက် ပဋိပက္ခများဖြစ်ပွားနေခြင်းဖြစ်ပြီး ဖွန်လနှင့် ဇူလိုင်လအတွင်းတွင် စိုက်ခင်းများကို နစ်ကြိမ်ခန့် လူအင်အားသုံး ဖျက်ဆီးခဲ့သည်ဟု လယ်မြေပိုင်ရှင်ဦးဝင်းဦးမှ ပြောကြားခဲ့သည်။

အဆိုပါလယ်ယာမြေများသည် ဘိုးမဦးချ လုပ်ကိုင်စားသောက်လာသော လယ်ယာမြေများဖြစ်ပြီး တောင်သူခုနစ်ဦးတွင် ခိုင်မာသည့် အထောက်အထားများရှိသောကြောင့် တရားရုံးမှ တောင်သူခုနစ်ဦးသာလျှင် ပိုင်ဆိုင်ခွင့်ရှိသည်ဟု ဆုံးဖြတ်ထားကြောင်း သတင်းစာရှင်းလင်းပွဲတွင် ဦးဝင်းဦးမှ ပြောကြားခဲ့သည်။

အဆိုပါကိစ္စကို ရဲစခန်းနှင့်မြို့နယ်အုပ်ချုပ်ရေးမှူးထံ အကြောင်းကြားထားသော်လည်း ယနေ့ချိန်ထိ ထိရောက်စွာ ကိုင်တွယ် ဖြေရှင်းခြင်း မရှိသေးပါဟု ရွာသားများမှ ပြောကြားခဲ့သည်။

**လယ်ယာမြေဧက ၂၀,၀၀၀ ကျော်ကို နစ်နာကြေး ပေးခြင်း မရှိဘဲ သိမ်းဆည်းခဲ့သည့် ကုမ္ပဏီများကို တရားစွဲဆိုမည်ဟု လယ်သမားများ သတင်းစာရှင်းလင်း**

အထူးစိုက်ပျိုးရေးဇုန် ပြုလုပ်မည်ဟုဆိုကာ လယ်ယာမြေဧက ၂၀,၀၀၀ ကျော်ကို သိမ်းဆည်းခဲ့ပြီး လျော်ကြေး၊ နစ်နာကြေး ပေးခြင်းမရှိသော ကုမ္ပဏီများကို တရားစွဲဆိုရန် အရှေ့ဒဂုံ၊ တောင်ဒဂုံ၊ မြောက်ဒဂုံနှင့် ဒဂုံဆိပ်ကမ်းမြို့နယ်တို့မှ လယ်မြေသိမ်းဆည်းခံလယ်သမားများသည် ဇူလိုင်လ ၂၈ ရက်နေ့တွင် ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် မြဝတီစိုက်ပျိုးရေး ကုမ္ပဏီ၊ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီ၊ ယုဇနကုမ္ပဏီ၊ စိမ်းရွှေလီကုမ္ပဏီနှင့် ဇေယျာမရီမီယာစသော ကုမ္ပဏီများသည် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး လယ်ယာမြေဧကပေါင်း ၂၀,၀၀၀ ကျော်ကို သိမ်းဆည်းခဲ့သည်။ အဆိုပါကိစ္စကို သက်ဆိုင်ရာဝန်ကြီးဌာနများထံ တင်ပြတောင်းဆိုထားသော်လည်း ယခုချိန်ထိ ပြန်လည်ရရှိခြင်း မရှိသေးပါ။

# အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ

**စစ်ဆန့်ကျင်ရေးဆန္ဒပြသူများအပေါ် အရပ်ဝတ်များ၏ ကိုယ်ထိလက်ရောက် ပြုမူပုံကို လူ့အခွင့်အရေးကော်မရှင် စစ်ဆေး**

မေလ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့၊ တာမွေခုံးကျော်တံတားအောက်၌ ပြုလုပ်ခဲ့သော စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲတွင် အရပ်ဝတ်များသည် ဆန္ဒပြသူများကို ကိုယ်ထိလက်ရောက်ပြုမူခြင်းနှင့် ပတ်သက်၍ လူ့အခွင့်အရေးကော်မရှင်မှ စစ်ဆေးမေးမြန်းခြင်းများ ပြုလုပ်ခဲ့သည်။ ဆန္ဒပြသူများနှင့် သတင်းသမားတချို့ကို အရပ်ဝတ်ထားသူများမှ ဖမ်းဆီးခဲ့ရာတွင် ရဲများမှ တစ်စုံတစ်ရာ တားဆီးခဲ့ခြင်းမရှိဟု တိုင်ကြားသောကြောင့် စစ်ဆေးရခြင်းဖြစ်သည်ဟု လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်မှ ပြောကြားခဲ့သည်။ ထို့ပြင် ဦးယုလွင်အောင်မှ ရဲတပ်ဖွဲ့နှင့် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနတို့မှ ဆန္ဒပြသူများနှင့် ဆန္ဒပြပွဲမတိုင်မီ ကြိုတင်ဆွေးနွေး တားဆီးမှုမရှိသည်ကို တွေ့ရှိရပြီး နောက်နောင်အဆိုပါ အဖြစ်မျိုး မတွေ့ရှိအောင် ဆန္ဒပြမည့်သူများနှင့် ဆွေးနွေးရန် လိုအပ်သည်ကို အကြံပြုခဲ့သည်ဟု ထပ်မံပြောဆိုခဲ့သည်။

# အရေးပါသည့်ဆက်စပ်သတင်းများဖတ်ရန် Links

## ဖမ်းဆီးခံရခြင်းများ

- ဖားကန့်နှင့်နမ့်မွတီးတွင်လမ်းပြအဖြစ်ဖမ်းဆီးခံရသူခုနစ်ဦးထိရှိ
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၃၁ရက်၊ဘီဘီစီ/မြန်မာ]

## တရားစွဲဆိုခံရခြင်းများ

- သိမ်းဆည်းခံလယ်မြေများ ပြန်လည်ပေးအပ်ရန်နှင့် လယ်ယာမြေဥပဒေပြင်ဆင်ပေးရန် ဆန္ဒထုတ်ဖော်သူများတရားစွဲဆိုခြင်းခံရ
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၂ရက်၊အီးလဲဗင်း]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၂ရက်၊The Voice/မြန်မာ]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၅ရက်၊ဘီဘီစီ/မြန်မာ]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၅ရက်၊The Voice/မြန်မာ]

- နေပြည်တော်ထိချီတက်ဆန္ဒပြရန်ကြိုးပမ်းသည့်တောင်သူများအမှုဖွင့်ခံရ
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၆ရက်၊ မြန်မာတိုင်းမ်]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၇ရက်၊မဇ္ဈိမ/မြန်မာ]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၂၃ရက်၊မဇ္ဈိမ/မြန်မာ]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၂၃ရက်၊7 Day Daily/မြန်မာ]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၂၅ရက်၊ဒီဗွီဘီ/မြန်မာ]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၂၆ရက်၊ဧရာဝတီ]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၂၆ရက်၊The Voice/မြန်မာ]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၂၇ရက်၊မဇ္ဈိမ/မြန်မာ]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၂၈ရက်၊မဇ္ဈိမ]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၃၁ရက်၊လွတ်လပ်သောအာရှအသံ/မြန်မာ]

- ကယားပြည်နယ်သမိုင်းကြောင်း ဖြန့်ဝေခြင်းနှင့်ဗိုလ်ချုပ်ကြေးရုပ်အားကန့်ကွက်ကြောင်းနှိုးဆော်စာ ဖြန့်ဝေခဲ့ခြင်းအတွက်ကယန်းတိုင်းရင်းသားလူငယ်များ တရားစွဲဆိုခြင်းခံရ
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၄ရက်၊The Voice/မြန်မာ]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၄ရက်၊ မြန်မာတိုင်းမ်/မြန်မာ]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၅ရက်၊ မြန်မာတိုင်းမ်]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၅ရက်၊The Voice/မြန်မာ]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၆ရက်၊ မြန်မာတိုင်းမ်]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၁ရက်၊ဧရာဝတီ]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၁ရက်၊လွတ်လပ်သောအာရှအသံ/မြန်မာ]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၂ရက်၊မဇ္ဈိမ/မြန်မာ]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၂ရက်၊The Voice/မြန်မာ]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၂၅ရက်၊ဧရာဝတီ]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၂၆ရက်၊အီးလဲဗင်း/မြန်မာ]

- လွှတ်တော်ကိုယ်စားလှယ်ခရီးစဉ်နှင့်ပတ်သက်၍ ဝေဖန်ရေးသားသူကိုပုဒ်မ၆၆ (ဃ) ဖြင့်အမှုဖွင့်
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၂၂ရက်၊The Voice/မြန်မာ]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၂၃ရက်၊7 Day Daily/မြန်မာ]

- တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် နှင့် ရွှေကျင်မြို့နယ်ပညာရေးမှူးတို့ ပုဒ်မ ၆၆ (ဃ) ဖြင့် အပြန်အလှန်အမှုဖွင့်
  [၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်၊ The Voice/မြန်မာ]
  [၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ 7 Day Daily/မြန်မာ]

## တရားရင်ဆိုင်ရခြင်းများ

- ကချင်ငြိမ်းချမ်းရေးလှုပ်ရှားသူများ၏ အမှုအား ပယ်ဖျက်ပေးရန် လျှောက်ထားချက် ပြည်နယ်တရားလွှတ်တော်ပယ်ချ
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၄ရက်၊BNI/မြန်မာ]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၉ရက်၊ဗွီအိုအေ/မြန်မာ]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၆ရက်၊BNI/မြန်မာ]

- စစ်တွေမြို့မှဦးအောင်သန်းဝေကို တတိယအကြိမ်ရုံးထုတ်
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၅ရက်၊ဧရာဝတီ/မြန်မာ]
  [၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၈ရက်၊အီးလဲဗင်း/မြန်မာ]

- ပုဒ်မ၅၀၀ ဖြင့် ငွေဒဏ်ချမှတ်ခံထားရသော ကျောင်းသားများ၏ အမှုကို တပ်မတော်မှ အယူခံထပ်တက်၍ ကြားနာစစ်ဆေး
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၇ရက်၊ဧရာဝတီ/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၆ရက်၊လွတ်လပ်သောအာရှအသံ/မြန်မာ

- ရိုက်တာသတင်းထောက်နှစ်ဦးကိုစွဲချက်တင်ကြောင်းအမိန့်ချမှတ်
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၉ရက်၊ဧရာဝတီ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၉ရက်၊လွတ်လပ်သောအာရှအသံ/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၆ရက်၊Reuters
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၆ရက်၊လွတ်လပ်သောအာရှအသံ/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၆ရက်၊အီလဲဗင်း/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၈ရက်၊ဒီဗွီဘီ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၈ရက်၊7 Day Daily/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၂၃ရက်၊ဧရာဝတီ/မြန်မာ
  ၂၀၁၈ခုနှက်၊ဇူလိုင်လ၂၄ရက်၊ဧရာဝတီ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၃၀ရက်၊မဇ္ဈိမ/မြန်မာ

- မြေနှင့်သီးနှံလျော်ကြေးရရှိရန်ကျိန်စာတိုက်သူလေးဦး တရားစွဲဆိုခံရသည့်အမှုကြန့်ကြာနေ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၄ရက်၊7 Day Daily/မြန်မာ

- တနင်္သာရီဂျာနယ်အမှု ချေဖျက်ပေးရန် လျှောက်ထားချက်ကိုပယ်ချ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၃၁ရက်၊ဧရာဝတီ/မြန်မာ

## ထောင်ဒဏ်ချမှတ်ခံရခြင်းများ

- စစ်ပွဲများရပ်တန့်ရေးအတွက်ဆုတောင်းပွဲပြုလုပ်ရာတွင် ဦးဆောင်ခဲ့သူ နှစ်ဦးကို ထောင်ဒဏ်သုံးလစီချမှတ်
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၅ရက်၊ဧရာဝတီ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၅ရက်၊7 Day Daily/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၅ရက်၊The Voice/မြန်မာ

- ထွန်တုံးတိုက်ပွဲပြုလုပ်ခြင်းအတွက်တရားစွဲဆိုခြင်းခံထားရသော မြစ်သားမြို့နယ်မှ တောင်သူငါးဦးကို ပြစ်ဒဏ်ချမှတ်
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၇ရက်၊The Voice/မြန်မာ

## ထောင်တွင်းအခြေအနေများ

- အကျဉ်းထောင်အခြေအနေများနှင့်ပတ်သက်၍ Frontier Myanmar မှ ICRC ကို တွေ့ဆုံမေးမြန်းခြင်းပြုလုပ်
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၄ရက်၊Frontier Myanmar

- ထောင်တွင်းလူ့အခွင့်အရေးချိုးဖောက်မှုရှိ၊ မရှိ လူ့အခွင့်အရေးကော်မရှင် စစ်ဆေး
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၂ရက်၊မဇ္ဈိမ/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၅ရက်၊လွတ်လပ်သောအာရှအသံ/မြန်မာ

- ရဲနှိပ်စက်သဖြင့်လူသေရသည်ဆိုသောအမှု ဖြေရှင်းချက်ပေးရန် ပြည်ထဲရေးကို ကော်မရှင်က အကြောင်းကြား
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၇ရက်၊Myanmar Now/မြန်မာ

- ကွင်းဆင်းစစ်ဆေးခဲ့သည့် အကျဉ်းထောင် ၄၂ ခုတွင် လူ့အခွင့်အရေးနစ်နာမှုများ တွေ့ရှိဟု MNHRC ပြောကြား
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၉ရက်၊7 Day Daily/မြန်မာ

- ဒေးဒရဲမြို့တွင်အမျိုးသားတစ်ဦးအား ရဲတပ်ဖွဲ့မှ ဖမ်းဆီးစစ်ဆေးစဉ် သေဆုံးခဲ့ခြင်းနှင့် ပတ်သက်၍ ရဲလုပ်ငန်းစဉ်အား အပြည့်အဝမလုပ်ဆောင်ခဲ့ကြောင်းတွေ့ရှိ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၂၅ရက်၊အီလဲဗင်း/မြန်မာ

## နိုင်ငံရေးနှင့်နိုင်ငံသားတို့၏လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့်ဆန္ဒထုတ်ဖော်မှုများ

- မော်လမြိုင်ကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးကို ဖယ်ရှားပေးရန်ဆန္ဒပြ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၂ရက်၊7 Day Daily/မြန်မာ

- အစိုးရသစ်လက်ထက်ဆက်သွယ်ရေးပုဒ်မဖြင့် တရားစွဲဆိုမှုပေါင်း ၁၃၄ မှုရှိ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၄ရက်၊ဗွီအိုအေ/မြန်မာ

- ဗိုလ်ချုပ်ရုပ်ထုစိုက်ထူမည့်အစီအစဉ်ကို ကရင်နီလူထု ဆန္ဒပြကန့်ကွက်၍ ရုန်းရင်းဆန်ခတ်ဖြစ်ပွား
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၃ရက်၊ဒီဗွီဘီ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၄ရက်၊မဇ္ဈိမ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၄ရက်၊ မြန်မာတိုင်းမ်
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၄ရက်၊လွတ်လပ်သောအာရှအသံ/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၄ရက်၊ဧရာဝတီ/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၅ရက်၊ဧရာဝတီ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၃ရက်၊ဧရာဝတီ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ ၂၄ရက်၊ဧရာဝတီ/မြန်မာ
- စည်းမျဉ်းများကို ပြန်လည်ပြင်ဆင်ပြီး ဖြစ်သော်လည်း နိုင်ငံရေးလှုပ်ရှားမှုများပြုလုပ်ပါက ကျောင်းသားများ အပြစ်ပေးခံရမည်
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၄ရက်၊ မြန်မာတိုင်းမ်
- နေရပ်ပြန်ကချင်ဒုက္ခသည်များ နှင်ထုတ်ခံရ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၆ရက်၊ဘီဘီစီ/မြန်မာ
- သီပေါမြို့နယ်အတွင်း ဆယ်အိမ်ခေါင်းအမျိုးသား တစ်ဦး သေနတ်ထပ်မံပစ်ခံရ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၈ရက်၊BNI/မြန်မာ
- တက္ကသိုလ်တာဝန်ရှိသူများမှ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂကို ပိုစတာစည်းရုံးလှုံ့ဆော်မှု ပြုလုပ်ရန်တားမြစ်
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၉ရက်၊ မြန်မာတိုင်းမ်
- ဗိုလ်ချုပ်ကြေးရုပ်ထားရှိမည့် အစီအစဉ်ကို နာဂအဖွဲ့အစည်းများမှ ကန့်ကွက်
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၂ရက်၊လွတ်လပ်သောအာရှအသံ/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၇ရက်၊7 Day Daily/မြန်မာ
- တပ်သားသစ်အဖြစ်လူငယ်၅၀ ခေါ်ဆောင်ခံရ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၆ရက်၊လွတ်လပ်သောအာရှအသံ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၆ရက်၊လွတ်လပ်သောအာရှအသံ/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၇ရက်၊မဇ္ဈိမ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၈ရက်၊The Voice/မြန်မာ
- တပ်မတော်မှဖမ်းမိခဲ့သောအမျိုးသမီး ဆေးမှူး ၆ ဦးသတ်ဖြတ်ခံရဟု TNLA ထုတ်ပြန်
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၈ရက်၊ဧရာဝတီ/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၉ရက်၊ဧရာဝတီ/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၉ရက်၊လွတ်လပ်သောအာရှအသံ/မြန်မာ
- ရတနာပုံတက္ကသိုလ်ဝန်းအတွင်း အာဇာနည်နေ့ အခမ်းအနားကျင်းပခွင့် မရ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၉ရက်၊ဧရာဝတီ/မြန်မာ
- ၂၁ ရာစုပင်လုံညီလာခံကာလ ရှမ်းဒေသခံအပေါ် တပ်မတော်မှ လူ့အခွင့်အရေးချိုးဖောက်နေသည်ဟု သျှမ်းလူ့အခွင့်အရေးမဏ္ဍိုင် စွပ်စွဲ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ ၂၀ရက်၊BNI/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ ၂၃ရက်၊ဧရာဝတီ/မြန်မာ
- တရားဥပဒေစိုးမိုးရေးနှင့် အဂတိလိုက်စားမှုပပျောက်ရေး အတွက် တောင်သာဒေသခံများဆန္ဒထုတ်ဖော်
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ ၂၄ရက်၊လွတ်လပ်သောအာရှအသံ/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ ၂၄ရက်၊7 Day Daily/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ ၂၆ရက်၊ မြန်မာတိုင်းမ်
- ရဲတပ်ဖွဲ့မှ လူ့အခွင့်အရေးချိုးဖောက်နေကြောင်း လူ့အခွင့်အရေးကော်မရှင်သို့ တိုင်ကြားမှုများ တစ်နှစ်ထက်တစ်နှစ်ပိုများ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ ၂၉ ရက်၊အီလဲဗဲင်း/မြန်မာ

## လယ်ယာမြေအငြင်းပွားမှုများ

- ဝမ်ပေါင်ကုမ္ပဏီရှေ့တွင် လက်ပံတောင်းတောင် ဒေသခံများဆန္ဒပြ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၄ရက်၊မဇ္ဈိမ/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၅ရက်၊မဇ္ဈိမ
- မန္တလေးတိုင်းဒေသကြီးအတွင်း ပြန်လည်စွန့်လွှတ်သည့် မြေ ၁၅၈၀၉.၆၇ ဧကအနက် ၆၄၀၀ ဧကကျော်ကို မူလတောင်သူများထံ ပြန်လည်ပေးအပ်
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၇ရက်၊အီလဲဗဲင်း/မြန်မာ
- ဆီအုန်းကုမ္ပဏီအား ရွာခြောက်ရွာမှ ဒေသခံတောင်သူ ၂၀၀ ကျော် ဆန္ဒထုတ်ဖော်
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၈ရက်၊မဇ္ဈိမ/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၉ရက်၊မဇ္ဈိမ

- တည်ဆောက်ဆဲနှင့် တည်ဆောက်ရန် စီစဉ်ထားသော စီမံကိန်းများနှင့် ပတ်သက်၍ စာတမ်းထုတ်ပြန်
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၀ရက်၊လွတ်လပ်သောအာရှအသံ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၀ရက်၊လွတ်လပ်သောအာရှအသံ/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၁ရက်၊ဧရာဝတီ/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၂ရက်၊ဧရာဝတီ

- သိမ်းဆည်းခံလယ်မြေများ ပြန်လည်ရရှိရန် တောင်သူများ ဆန္ဒပြ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၃ရက်၊လွတ်လပ်သောအာရှအသံ/မြန်မာ

- မြန်မာနိုင်ငံရှိ GEF ၏ ထိန်းသိမ်းရေး စီမံကိန်းသည် ဌာနေတိုင်းရင်းသားများ၏အခွင့်အရေးကိုချိုးဖောက်နေ
  ၂၀၁၆ခုနှစ်၊ဇူလိုင်လ၁၆ရက်၊ ရှေ့ပြေးအသံ/မြန်မာ
  ၂၀၁၆ခုနှစ်၊ဇူလိုင်လ၁၆ရက်၊ ရှေ့ပြေးအသံ

- သိမ်းဆည်းခံ မြေယာများအတွက် မြန်မာအစိုးရမှ လျော်ကြေးပေးရန် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့မှ အစီရင်ခံစာထုတ်ပြန်၍တိုက်တွန်း
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၇ရက်၊HRW
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၇ရက်၊လွတ်လပ်သောအာရှအသံ/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၈ ရက်၊RFA
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၈ရက်၊လွတ်လပ်သောအာရှအသံ/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၉ ရက်၊Mizzima
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၂၀ရက်၊ဧရာဝတီ/မြန်မာ

- ချွန်းတံတားတည်ဆောက်ရာတွင် လယ်ယာမြေဆုံးရှုံးခဲ့သည့် တောင်သူများနစ်နာကြေးတောင်း
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၇ရက်၊The Voice/မြန်မာ

- စံပရီးကျေးရွာအုပ်စုမှ တပ်စွန့်လွှတ်မြေပေါ်ရှိအဆောက် အဦးများကိုအင်အားသုံးဖယ်ရှား
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၁၈ရက်၊BNI/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၂၀ရက်၊BNI

- အမ်း မြေယာနှင့်သယံဇာတ ဆွေးနွေးပွဲတားမြစ်မှုကြောင့်ဖျက်သိမ်းရ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၂၂ရက်၊ဧရာဝတီ/မြန်မာ

- လယ်ဧက တစ်သိန်းခွဲကျော်ပျက်စီးမည့် မိုင်းဖြတ်ကျောက်မီးသွေးတူးဖော်ရေးစီမံကိန်းကို ဒေသခံများ ကန့်ကွက်
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၂၄ရက်၊BNI/မြန်မာ
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၂၅ရက်၊Shan State News

- စားကျက်မြေကိစ္စတင်းမာမှုဖြစ်ပွား
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၂၆ရက်၊လွတ်လပ်သောအာရှအသံ/မြန်မာ

- လယ်ယာမြေဧက ၂၀,၀၀၀ ကျော်ကို နစ်နာကြေးပေးခြင်းမရှိဘဲ သိမ်းဆည်းခဲ့သည့်ကုမ္ပဏီများကို တရားစွဲဆိုမည်ဟု လယ်သမားများသတင်းစာရှင်းလင်း
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၂၈ရက်၊အီလဲဗင်း/မြန်မာ

## အဖွဲ့စည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ

- စစ်ဆန့်ကျင်ရေးဆန္ဒပြသူများအပေါ် အရပ်ဝတ်များ၏ ကိုယ်ထိလက်ရောက် ပြုမှုပုံကို လူ့အခွင့်အရေး ကော်မရှင်စစ်ဆေး
  ၂၀၁၈ခုနှစ်၊ဇူလိုင်လ၄ရက်၊ဘီဘီစီ/မြန်မာ

ဆက်သွယ်မေးမြန်းရန်
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း
တိတ်နိုင် အတွင်းရေးမှူး +၆၆(၀) ၈၁၂ ၈၇၈ ၇၅၁
ဘိုကြည် တွဲဘက်အတွင်းရေးမှူး +၉၅(၀) ၉၄၂ ၅၀၃ ၈၆၄၀
အောင်မျိုးကျော်ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၄၂၈ ၁၁၇ ၃၄၈